WWW.DHAMMARANSI.COM

# သမီးတော်ခုနှစ်ဖော်

နောက်ဆုံးဘဝ

ခေမာထေရီဝတ္ထု

ဥပ္ပလဝဏ္ဏာထေရီဝတ္ထု

ပဋာစာထေရီဝတ္ထု

(သတ္တမအကြိမ်)

၈

WWW.DHAMMARANSI.COM

## စီရံ တိဋ္ဌတု သဒ္ဓမ္မော

## ကိကီမင်းကြီး၏ သမီးတော်ခုနစ်ဖော်

ကဿပ ဘုရားရှင် လက်ထက်တော်တွင် ကိကီမင်းကြီး၏ သမီးတော် ခုနစ်ဖော်အဖြစ် အမျိုးစင်ဘဝ အနှစ်နှစ်သောင်း နေပြီး ကောမာရီ ဗြဟ္မာစာရီ အကျင့်မြတ်ဖြင့် ညီအစ်မခုနစ် ဖော် သဘောတူညီညွတ်စွာ သီလစောင့်သုံး ကုသိုလ်ကောင်းမှု ပြုဖက်များ ဖြစ်ခဲ့ကြသည်။

ကိကီမင်းကြီး၏ သမီးတော်ခုနစ်ဖော် ဟူသည်မှာ သမဏီ၊ သမဏဂုတ္တာ၊ ဘိက္ခုနီ၊ ဘိက္ခုဒါယိကာ၊ ဓမ္မာ၊ သုဓမ္မာနှင့် သံဃာဒါယိကာတို့တည်း။

ဂေါတမ ဘုရားရှင်လက်ထက်တွင်အစဉ်အတိုင်းအားဖြင့်.....

၁။ **ခေမာ**ထေရီ (ပညာ ဧတဒဂ်)

၂။ **ဥပ္ပလ**ဝဏ္ဏာထေရီ (တန်ခိုးတော်အရာ ဧတဒဂ်)

၃။ ပဋာစာရီထေရီ (ဝိနည်းဆောင်ဧတဒဂ်)

၄။ ကုဏ္ဍလကေသီထေရီ (ခိပ္ပာဘိညာဧတဒဂ်)

၅။ ကိသာဂေါတမီထေရီ (လူခစီဝရ ဧတဒဂ်)

၆။ ဓမ္မဒိန္နာထေရီ (ဓမ္မကထိက ဧတဒဂ်)

၇။ ဝိသာခါ ကျောင်းအမ (အလှူဒါန ဧတဒဂ်)

ဟူ၍ ဖြစ်လာကြသည်။

ဤသမီးတော်တို့၏ အတိတ်ဘဝ ဇာတ်ကြောင်းများမှာ အားရဖွယ်၊ သံဝေဂယူဖွယ် အံ့ဩ ဆန်းကြယ်လှသလောက် ပစ္ဆိမ နေ့ာက်ဆုံးဘဝ ဧတဒဂ်ရ ထိပ်ဆုံးရောက် အရှင်မကြီး များ မဖြစ်သေးမီ၊ ဖြစ်လာပြီးနောက် အံ့ဩလောက်သည့် ဖြစ်ရပ်များကို ယာက်သာစာစဉ် အမှတ် (၈)နှင့် (၉) အဖြစ် ရေးသားအပ်ပါကြောင်း။

WWW.DHAMMARANSI.COM

သက်သာစာစဉ်အမှတ် (၉)
ကိုကိမင်းကြီး၏ သမီးတော် ခုနစ်ဖော်ဝတ္ထုများ

# လက်ရွေးစင် ဓမ္မပဒ ဝတ္ထုတော်

........................................

........................................

........................................

တို့၏ ဓမ္မဒါန အလှူတော်
နတ် လူ သာဓု ခေါ်စေသော်-

ဤကောင်းမှုကြောင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်
လျှင်မြန်ထိုးဖောက် သိမြင်ပြီး နိဗ္ဗာန်ပြည်မြတ်
သို့ ကူးမြောက် နိုင်ပါစေသတည်း။

ဦးလှခင်(ဆန်းညွန့်ဦး) စီစဉ်ရေးသားသည်

တအုပ်
သက်သာ ၃/- တ စဉ်

တတိယအကြိမ်

WWW.DHAMMARANSI.COM

ဘာသာရေးစာမူ ခွင့်ပြုချက် အမှတ် (၄၇၂)
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် (၃၆၆)

ပထမအကြိမ် ၁၉၇၃ ခု ဩဂုတ်လ ၇၀၀၀
ဒုတိယအကြိမ် ၁၉၇၄ နိုဝင်ဘာလ ၅၀၀၀
တတိယအကြိမ် ၁၉၇၅ နိုဝင်ဘာလ ၃၀၀၀

သက်သာ ဈေးနှုန်း....၃ ကျပ်

ဝန္ဒနာနှင့် ဆုပန်လွှာ
ပဋ္ဌာရုဏ် အဖို့ဝန္ဒာမိ သမ္ဗုဒ္ဓါ

သုံးပါးရတနာ၊ မြတ်ဆရာနှင့်၊ နှစ်ဖြာ မိဘာ၊ များလှစေကျေးဇူး၊ ဂုဏ်အထူးကို၊ကြည်နူးသဒ္ဓါ၊ဝန္ဒနာ ဖြင့်၊ ဦးစွာရိုကျိုး၊ ကျွန်ုပ်ရှိခိုး၏။

ထို့ပြင်တဝ— ဖတ်ရ မှတ်ရ၊ ကြားနာရသည့်၊ သုတ ဖြာဖြာ၊ ဆည်းပူးရာသား၊ ဆရာများပါ ဝတ်တွားဝန္ဒနာရှိခိုးကာလျှင်၊ ဤစာကျမ်းမြတ်၊ပြုစုအပ်သည်၊ နိဗ္ဗာန်ပြည်မြတ် ရည်သတည်း။

ထုတ်ဝေသူ။ ။ ဦးလှခင် (၀၁၂၀၅-မြ)
ဆန်းညွန့်ဦးစာအုပ်တိုက်၊
အမှတ် ၁၃၃၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ။ ။ဦးလှခင် [၀၁၀၂၀-မြ]
ဆန်းညွန့်ဦး ပုံနှိပ်တိုက်၊
အမှတ် ၁၃၅၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။

တတိယအကြိမ်

WWW.DHAMMARANSI.COM

ဤဓမ္မပဒ လက်ရွေးစင်များကို

ဖတ်လည်း ဖတ်ကြပါ။
မှတ်လည်း မှတ်ကြပါ။
ဖတ်မှတ်ပြီးလျှင် လိုက်နာကျင့်သုံးပါ။
ယခုဘဝအတွက်လည်း ကောင်းသည်။
တမလွန်ဘဝအတွက်လည်း ကောင်းသည်။

မိမိဖတ်ပြီးလျှင်

မိဘဆိုးဘွားသက်ကြီးရွယ်အိုတို့အားဖတ်ပြပါ။
သားသမီးတို့အား ဖတ်ရန်တိုက်တွန်းပါ။
တဆင့်ဟောပြောခြင်းဖြင့် ကုသိုလ်ထပ်ပွားပါ။
မိတ်ဆွေများအား ဖတ်ရန် တိုက်တွန်းခြင်းဖြင့် ကုသိုလ်ယူကြပါ။
မိမိဖတ်ပြီး မိတ်ဆွေများအား ငှားရမ်းခြင်းဖြင့် ကုသိုလ်ထပ်ပွားပါ။
ဝယ်ယူလိုသူများ အလွယ်တကူရအောင် ဆောင်ကြဉ်း ပေးခြင်းဖြင့် ကုသိုလ်ယူကြပါ။
မိမိ တတ်နိုင်သလောက် တအုပ်စ၊ နှစ်အုပ်စလှူဒါန်းခြင်းဖြင့် ကုသိုလ်ယူကြပါ။

WWW.DHAMMARANSI.COM

လောကုတ္တရာ အကျိုး

# ဗုဒ္ဓစာပေ ဖတ်ရှုလေ့တိုင်း ရမြဲမသွေ ကောင်းမှုတွေကား

၁။ မကောင်းမှုကို ကြဉ်ရှောင်ခြင်း။
၂။ ကောင်းမှုများ တိုးပွားခြင်း။
၃။ ပညာဉာဏ် ပြန့်ပြောခြင်း။
၄။ သဒ္ဓါတရား ကြီးထွားခြင်း။
၅။ ဆင်းရဲဒုက္ခကို ခံနိုင်ရည်ရှိခြင်း။
၆။ အကြောက်အလန့် ကင်းစင်ခြင်း။
၇။ ဖတ်ရှုနေချိန်တွင် အကုသိုလ်စိတ် ကင်းပျောက်နေခြင်း။
၈။ ဖတ်ရှုနေသမျှ ကုသိုလ်စိတ်သာ တိုးပွားရခြင်း။
၉။ ရတနာသုံးပါးအာရုံနှင့် တမုဟုတ်မျှ ကင်းကွာမှုမရှိခြင်း။
၁၀။ ရတနာသုံးပါးအာရုံဖြင့်ထုံထားသည့် ကိုယ်ခန္ဓာရှိသဖြင့် စေတီတော်မြတ် ကျိန်းဝပ်ရာ ဂန္ဓကုဋိ တိုက်တော်ကဲ့သို့ အပူဇော်ခံထိုက်ခြင်း။
၁၁။ ထိုထိုပုဂ္ဂိုလ်ဘို့ကဲ့သို့ ကျင့်ကြံလိုစိတ် ပွားများလာပြီး သံသရာတဘက်ကမ်းမှနိဗ္ဗာန်စခန်းသို့ ကူးခတ်နိုင်ခြင်း။

[ဝိသုဒ္ဓိမဂ္ဂ် အဋ္ဌကထာ ပထမတွဲ]

ဉာတိယအကြိမ်

WWW.DHAMMARANSI.COM

## လောကုတ္တရာ အကျိုး

# ဗုဒ္ဓစာပေ ဖတ်ရှုလေ့တိုင်း
# ရမြဲမသွေ ကောင်းမှုတွေကား

၁။ မကောင်းမှုတွေကြဉ်ရှောင်ကာ၊
၂။ ကောင်းမှုများသာ တိုးပွားလာ၊
၃။ ဉာဏ်ပညာ ပေါကြွယ်ဝ၊
၄။ သဒ္ဓါတရား ကြီးထွားကြ၊
၅။ ဆင်းရဲဒုက္ခကို ခံနိုင်အား၊
၆။ ကြောက်လန့်မှုများ ကင်းစင်သွား၊
၇။ ဖတ်ရှုနေရ ချိန်ကာလ အကုသိုလ်စိတ်ကင်းပျောက်ရ၊
၈။ ဖတ်ရှုချိန်ခါ ကြည်သဒ္ဓါ ကုသိုလ်စိတ်သာတိုးပွားကာ၊
၉။ သုံးပါးရတနာအာရုံများ၊ ခန္ဓာကိုယ်အား ထုံ၍ထား၊
၁၀။ သုံးပါးရတနာ ထုံထားရာ မိမိကိုယ်ခန္ဓာ၊
ထိုအချိန်မှာ စေတီထိုက်၊ ဂန္ဓကုဋီတိုက်၊
၁၁။ သဒ္ဓါစိတ်သန် အားထုတ်ပြန်၊ မဂ်ဖိုလ်နိဗ္ဗာန်ဆိုက်၊

☆

တတိယအကြိမ်

WWW.DHAMMARANSI.COM

# ဤစာအုပ်ကို ဖတ်ခြင်းဖြင့် ရရှိလာမည့် လောကီ အကျိုးများ

## ဤစာအုပ်ဖတ်

၁။ စိတ်ဓာတ်အင်အား မြင့်မားကြွခိုင်
၂။ သည်းခံနိုင်အား
၃။ မေတ္တာပွားလိမ့်
၄။ လူသားအချင်းချင်း ကူညီခြင်းနှင့်
၅။ ကိုယ်ကျင့်တရား တိုးပွားမြင့်မြတ်
၆။ စာဖတ်ရှိန်ပါမြင့်မားလာလိမ့်
၇။ တွေးခေါ်မြော်မြင် တိုးတက်အင်နှင့်
၈။ လူလူချင်းမှာ သဒ္ဓါတရားထားရှိလာကြ
၉။ ထကြွလုံ့လ ဝီရိယလည်းဆထက်တိုးကာ
၁၀။ အားကိုးရာမှာ ကိုယ့်ကိုယ်သာဟု စိတ်မှာစွဲကာ အားထုတ်လာမည်။

ဤစာဖတ်သည့်အကျိုးတည်း။ ။

တတိယအကြိမ်

WWW.DHAMMARANSI.COM

စီရင်တိပ္ပတု–သ်ဘွဲ့ဓော

# ကိကီမင်းကြီး၏ သမီးတော်ခုနစ်ဖော်

ကဿပဘုရား၊ရှင် လက်ထက်တော်တွင် ကိကီမင်းကြီး၏ သမီးတော် ခုနစ်ဖော်အဖြစ် အပျိုစင်ဘဝ အနှစ် နှစ်သောင်းနေပြီး ကောမာရီဗြဟ္မစာရီအကျင့်မြတ်ဖြင့် ညီအစ်မခုနစ်ဖော် သဒ္ဓါတူ ညီညွတ်စွာ သီလကိုစောင့်သုံး ကုသိုလ်ကောင်းမှု ပြုဖက်များ ဖြစ်ခဲ့ကြသည်။

ကိကီမင်းကြီး၏ သမီးတော်ခုနစ်ဖော် ဟူသည်မှာ သမဏီ၊ သမဏဂုတ္တာ၊ ဘိက္ခုနီ၊ ဘိက္ခုဒါယိကာ၊ ဓမ္မာ၊ သုဓမ္မာနှင့် သံဃဒါယိကာတို့ဖြစ်သတည်း။

ဂေါတမဘုရားလက်ထက်တွင် အစဉ်အတိုင်းအားဖြင့်

[၁] ခေမာထေရီ (ပညာတေဒဂ်)
[၂] ဥပ္ပလဝဏ္ဏာထေရီ (တန်ခိုးတော်တေဂ်)
[၃] ပဋာစာရီ (ဝိနည်းဆောင်တေဒဂ်)
[၄] ကုဏ္ဍလကေသီထေရီ (ခိပ္ပါဘိညာတေဒဂ်)
[၅] ကိသာဂေါတမီထေရီ (လူခစီ ရတေဒဂ်)
[၆] ဓမ္မဒိန္နာထေရီ (ဓမ္မကထိက တေဒဂ်)
[၇] ဝိသာခါကျောင်းအမ (အလှူဒါနတေဒဂ်)

ဟူ၍ ဖြစ်လာကြသည်။

ဤ "သမီးတော်" တို့၏ အတိတ်ဘဝ ဇာတ်ကြောင်းများမှာ အားကျဖွယ်၊ သံဝေဂ ယူဖွယ် အံ့သြဆန်းကြယ် လှသလောက် ပစ္ဆိမနောက်ဆုံးဘဝ တေဒဂ်ရ ထိပ်ဆုံးရောက် အရှင်မကြီးများ မဖြစ်သေးမီနှင့် ဖြစ်လာပြီးနောက်၊ အံ့သြလောက်သည့် ဖြစ်ရပ်များကို သုတ်သဒ္ဒစာစဉ်အမှတ် ၇ နှင့် ၉ အဖြစ် ရေးသားအပ်ပါကြောင်း။

တတိယအကြိမ်

WWW.DHAMMARANSI.COM



(ကိုကိုမင်းကြီး၏ သမီးတော်ခုနစ်ဖော်)

တတိယအကြိမ်

WWW.DHAMMARANSI.COM

ကိုကိုမင်းကြီး၏ သမီးတော် ခုနစ်ဖော်မှ
စတုတ္ထသမီးတော် "ဘိက္ခုဒါယိကာ" ၏
နောက်ဆုံးဘဝ

(ခိပ္ပာဘိညာ ဧတဒဂ်ရ)

# ကုဏ္ဍလကေသီ
# ထေရီဝတ္ထု

[၁]

အကျိုးမရှိသောဂါထာတရာကို ရွတ်ဆိုခြင်းထက်၊
အကျိုးရှိသော ဂါထာ တပုဒ်က မြတ်၏။

[၂]

စစ်မြေပြင်၌ ရန်သူကိုအကြိမ်တစ်သန်းနိုင်သူထက်
မိမိကိုယ်တွင်း ကိလေသာကို
တကြိမ်မျှ အောင်နိုင်သောသူက ပို၍မြတ်၏။

[ဓမ္မပဒ (၈) သဟဿဝဂ်]

ဘာကိုယာအကြိမ်

WWW.DHAMMARANSI.COM

# ကုဏ္ဍလကေသီ ထေရီဝတ္ထု။

ရာဇဂြိုဟ်ပြည်မှ သဌေးသမီး တယောက်သည် အလွန်လှ၊ အလွန်ချော၏။

တဆယ့်ခြောက်နှစ် အရွယ်ရောက်လျှင် မိခင် ဖခင်တို့က ယောကျ်ားတို့ အပေါ် စိတ်ကစားမည် စိုးရိမ်၍ ဘုံခုနစ်ဆင့် ပြာသာဒ်၏ အထက်ဆုံးအထပ်ရှိ ကျက်သရေရှိသော တိုက်ခန်း၌ ထား၏။ (ပုံ ၇)



သဌေးသမီးကလေးထံ တယောက်တည်းသော ကျွန်မကို အလုပ်အကျွေးအဖြစ် ပေးထား၏။

တကိုယအကြိမ်

WWW.DHAMMARANSI.COM



# မြင်လျှင် မြင်ချင်း ချစ်ခြင်းပြင်းထန်

တနေ့တွင် ရာဇဂြိုဟ်ပြည်တွင်း၌ အိမ်များကို ဖောက်ထွင်း သောင်းကျန်းနေသော ခိုးသား လူရှယ် တဦးအား (ပုံ ၄) ရာဇဝတ်ပြစ်ဒဏ်ပေး၍ လက်ပြန်ကြိုး တုပ်နှောင်ကာ မြို့တွင်း လေးရပ်လမ်းဆုံလမ်းခွတိုင်းတွင် ကြိမ်တို့ဖြင့် ရိုက်နှက်ကာ မြို့ပြင်ရှိ လူသတ်တောင်ပေါ်သို့ ဆောင်ယူလာကြ၏။



WWW.DHAMMARANSI.COM



မြို့သူမြို့သားတို့သည် ခိုးသားလူရှယ်အား ကြိမ်ဒဏ်ပေးသည်ကို အုတ်အုတ်ကျက်ကျက်လိုက်လံ ကြည့်ရှုကြသော အသံကို သဌေးသမီးကလေး ကြားရ၍ "ဘာသံများပါလိမ့်"ဟု ပြာသာဒ်အထက်ထပ်မှ လှမ်းမျှော်ကြည့်ရှုလေရာ (ပုံ ၅) ခိုးသားလူရှယ်ကိုမြင်လေလျှင်တပ်မက်စိတ်ပြင်းထန်ကာ "ဤခိုးသားကိုမှ လင်အဖြစ်မရလျှင် အသေခံပါတော့မည်"ဟု အစာမစားဒေတာ့ပဲ အိပ်ရာထဲမှာ အိပ်၍နေလေတော့၏။

## မိခင်ဖခင်တို့၏ မေတ္တာ

ထိုသတင်းကို သိရလျှင် မိခင်သည် အပြေးအလွှားလာ၍ သမီးကိုချော့၏။ (ပုံ ၆)' ဒီလိုမလုပ်ပါနဲ့ သမီးရယ်၊ ငါတို့နှင့် အမျိုးတူအနွယ်တူ စည်းစိမ်ချင်းတူသောသဌေးသားတယောက် ယောက်နှင့် ပေးစားပါမည်"ဟု ပြော၏။

သမီးကလည်း "အခြားယောကျ်ားကိုမလိုချင် သူ့ကိုမှ မရလျှင် အသေခံပါတော့မည်"ဟု ဇွတ်ပြောနေသဖြင့် မိခင်မှာ



သမီးကို ချော့မရသည့်အဆုံး ဖခင်သဌေးကြီးကို ပြောကြား လေ၏။

ဖခင်သဌေးကြီးသည် တဦးတည်းသော သမီးကလေးမို့ချစ် လှန်းလှသဖြင့် သမီးကိုတော့အသေမခံနိုင်၊ သမီးကလေးအသက် ရှင်နေနိုင်ရန် အာဏာသား မင်းချင်းတို့ရှိရာ ခိုးသူတို့ပစ်ချရာ တောင်သို့လိုက်စေပြီး အသပြာ တထောင် ပေးကာ ခိုးသား

WWW.DHAMMARANSI.COM



လုလင်အားလွှတ်ပေးပါရန် လူလွှတ်ပြောကြားစေ၏။ အာဏာသား မင်းချင်းတို့က ငွေတထောင်ယူပြီး ထိုခိုးသားလူငယ်အား လွှတ်၍ ဘုရင့်ထံသို့ ခိုးသားအား သတ်ပြီးပါပြီဟု သံတော်ဦး တင်ကြ၏။



WWW.DHAMMARANSI.COM



မကောင်းသူသည် မကောင်းမှုကိုသာ ကြံ၏။

သဋ္ဌေးသမီးသည် မိမိစုံမက်သူကိုရသဖြင့် လင်ယောကျာ်းကို ကိုယ်တိုင် ချက်ပြုတ်လုပ်ကိုင်ကျွေးမွေး၏။ (ပုံ ၇)



တတိယအကြိမ်

WWW.DHAMMARANSI.COM



မိမိကို စုံမက်နှစ်သက်စေရန် မိမိကိုယ်ကို တန်ဆာဆင်လျက် ပြုပြင်ဝတ်စားထား၏။

သဌေးသမီးက ခိုးသားလင် စုံမက် ချစ်ခင်စေရန် တန်ဆာတို့ကို ဆင်ယင်သည်တွင် ခိုးသားလင်က သဌေးသမီးကို မျက်စိမကျ။ သဌေးသမီး၏ တန်ဆာတို့ကိုသာ မျက်စိကျနေ၏။ မကောင်းသူမှာ မကောင်းမှုကိုသာ ကြံစည်မြဲအတိုင်း "ဘယ်အချိန်မှာ ဒီတန်ဆာတွေ အရယူရပါ့မလဲ" ဟု အမြဲပင် တွေးတောကြံဆနေလေ၏။ (ပုံ ၈)

ခိုးသားလူရှယ်သည် "အကြံရပေပြီ" ဟု အစားအစာမစားတော့ပဲ အိပ်ရာထဲတွင် ခွေ၍သာ အိပ်နေ၏။

သဌေးသမီးက "အရှင်၊ အဘယ်ဝေဒနာဖြစ်ပါသလဲ" ဟု မေး၏။

"ငါ့မှာ ဘာဝေဒနာမှ မရှိပါ"

"ဘယ်လိုပါလဲ၊ ကျွန်တော်မ မိဘတို့က စိတ်ထိခိုက်စရာများ ပြောလို့လား"

"မဟုတ်ပါ" ဟု ဖြေ၏။

"ဒီလိုဆိုလျှင် ဘာဖြစ်လို့ပါလဲ"

"ဒီလိုပါ၊ ဟိုနေ့က မောင့်ကိုဖမ်းသွားကြပြီး ခိုးသားတို့ကို တွန်းချသတ်ဖြတ်ရာ တောင်ကိုအရောက်၊ တောင်စောင့်နတ်မင်းကို တိုင်တည်ခဲ့ပါတယ်။ ဒါကြောင့်လဲ နတ်မင်း စောင်မလို့ အသက်ချမ်းသာရခဲ့ပါတယ်။ နှမကိုလဲ နတ်တန်ခိုးကြောင့်ပဲ ရခဲ့ပါတယ်။ ဒါ့ကြောင့် မောင်တိုင်တည်ပြီး ကတိထားခဲ့တဲ့ တိုင်း နတ်မင်းကို ဗလိနတ်စာ ဘယ်လိုများကျွေးရပါ့မလဲလို့

WWW.DHAMMARANSI.COM



စဉ်းစားယင်းက ဟိုတွေးသည်တွေး စိတ်လေးတာနှင့် စားချင်စိတ်မရှိ၊ အိပ်ရာထဲလှဲခွေလို့သာ နေချင်တော့တာပါပဲ''

သဌေးသမီးကလေး ထိုစကားကိုကြားလျှင် အဟုတ်ပင် ထင်မှတ်ကာ....

''ဒီကိစ္စလောက်နှင့်များ စိုးရိမ်စိတ် မပွားပါနှင့် မောင်မောင်ရယ်၊ ဗလိနတ်စာကို ချစ်နှမ စီရင်ပါမယ်၊ ဘာတွေလိုတယ်ဆိုတာသာ ပြောပါတော့''ဟု ရှင်လန်းအားရ ပြောလေလျှင်....

''ရေမပါတဲ့ နို့ဃနာချိုချိုနဲ့၊ ပေါက်ပေါက်ပွင့်ပါတဲ့ ပန်းငါးမျိုးရယင် တော်ပါပြီ''ဟု အကြံသမား မောင်ခိုးသားက ပြောကြားလေလျှင်....

''ကောင်းပါပြီအရှင်၊ ကျွန်မ စီစဉ်ပါ့မယ်''

ဟုအလျှင်အမြန် ကမန်းကတန်းစီစဉ်၍ပေးလေ၏၊ အလုံးစုံ စီစဉ်ပြီးလျှင်....

''အလုံးစုံ စီစဉ်ပြီးပါပြီ၊ သွားကြပါစို့''ဟု သဌေးသမီးကလေးက ပြောသည့်အခါ အကြံသမား မောင်ခိုးသားက....

''ချစ်နှမ၊ နတ်မင်းထံသွားရာမှာ အမွှေးနံ့သာ ထုံသိမ်းလို့ ဝတ်ကောင်းစားလှဝတ်ပြီး၊ ဘယက်တန်ဆာ ရတနာအစုံဝတ်ပြီး သွားရောက် ကန်တော့ကြမှ ရှိသေလေးစားရာ ကျမယ်၊ ရတနာတန်ဆာ အစုံအလင် ဆင်ယင်ပါချေဦး''ဟု ဆိုပြန်လေရာ၊ သဌေးသမီးမှာ ချစ်လင် အလိုကျ ဝတ်စားဆင်ယင်ခဲ့လေ၏။

WWW.DHAMMARANSI.COM



သဒ္ဒေးသမီးသည် အခြွေအရံတို့အား ဗလိနတ်စာများ ယူဆောင်ခဲ့စေ၍ ခိုးသားလင်နှင့် အတူ ယာဉ်ရထားဖြင့် ခိုးသူရာဇဝတ်သားတို့အား ပစ်ချ၍သတ်ရာ တောင်သို့သွားကြ၏။

တောင်ခြေသို့ရောက်လျှင် အကြံသမား မောင်ခိုးသားက...

"ချစ်နှမ၊ ဤနေရာကစပြီးတောင်ပေါ်ကို ငါတို့နှစ်ယောက်သာ သွားကြရမည်။ ကျန်လူများနှင့် ယာဉ်ရထားတို့ကို ပြန်ကြပါစေတော့" ဟု ပြော၏။

သဒ္ဒေးသမီးကလည်း ချစ်သူပြောတိုင်း ကျန် လူ များ နှင့် ယာဉ်ရထားတို့ကို ပြန်စေပြီး ဗလိနတ်စာခွက်ကို ကိုယ်တိုင်ပင်ရွက်၍ ချစ်သူခေါ်ရာ တောင်ပေါ်သို့ တက်ခဲ့ကြလေသည်။

## ခိုးသားတို့ပစ်ချရာတောင်

ခိုးသား ရာဇဝတ်သားတို့အား ပစ်ချရာတောင်မှာ တဘက်တွင် လူတို့တက်နိုင်၏၊ အခြားတဘက်၌ကား (ဗူးသီးကိုထောင်၍ ထက်ခြမ်းခွဲထားသကဲ့သို့) တောင် တဘက်ခြမ်းမှာ ပြတ်၍ မတ်စောက်သော ချောက်ကြီးရှိ၏။ ကျောက်စွန်း ကျောက်တုံး အဆင့်ဆင့်ဖြင့် ပြည့်နှက်၍နေရာ တောင်ထိပ်မှ ပစ်ချလိုက်လျှင် ရာဇဝတ်သား ခိုးသူတို့သည် အပိုင်းပိုင်းပြတ်၍ ကျကုန်၏။ ထို့ကြောင့် ရာဇဝတ်သားခိုးသားတို့ပစ်ချရာတောင်ဟုခေါ်ကြ၏။

## ခိုးသားလင်၏ ရက်စက်ယုတ်မာမှု

တောင်ထိပ်သို့ ရောက်ကြ၏။

သဒ္ဒေးသမီးက တောင်ထိပ်တွင်ရပ်ကာ....

"အရှင်၊ ဗလိနတ်စာကို ကျွေးပါလော့" ဟု ဆို၏။

လင်ခိုးသားသည် စကားပြန် မပြော။

"ဘယ်လိုလဲ၊ ငြိမ်ချက်သားကောင်းလှချည့်လား အရှင်"

WWW.DHAMMARANSI.COM



"ငါ ဗလိနတ်စာဟင်ရအောင်လာတာ မဟုတ်ဘူး။ မင်းကို လှည့်စားခေါ်ခဲ့တာ"

"ဘယ်လိုပါလိမ့်"

"မင်းကိုသတ်ပြီး မင်းလက်ဝတ်လက်စားတွေ ယူမလို့"

သဌေးသမီးသည် ခိုးသားလင်၏ပြောစကားနှင့်မျက်နှာထား ကို မြင်သဖြင့် ကြောက်လန့်၍သွား၏။

"အရှင်၊ အဘယ်လိုပြောလိုက်တာလဲ၊ ကျွန်မကို အပိုင်ရပြီး ပြီပဲ၊ ဒီလက်ဝတ်ရတနာတွေ အားလုံးဟာ အရှင့်ရဲ့ပစ္စည်းချည်း ပဲပေါ့...."

"မလိုချင်ဘူး၊ အားလုံးချွတ်၊ သတ်ကိုသတ်ရမယ်"

"မသတ်ပါနဲ့အရှင်၊ ကျွန်မတောင်းပန်ပါရစေ"

"မရဘူး၊ သတ်ကိုသတ်ရမယ်" သဌေးသမီးသည် သေဘေး ကိုကြောက်၍ ငိုကြွေးပြီး....

"ကျွန်မကို သတ်လို့သေတော့ အရှင့်မှာ ဘာအကျိုးထူးမှာ လဲ။ ပစ္စည်းကိုယူပြီး လူကိုချမ်းသာပေးပါ၊ကနေ့ကစပြီး ကျွန်မ ကို သေပြီလို့သာ မှတ်ထားပါတော့"

"စကားမရှည်နဲ့၊ သတ်ကိုသတ်မယ်"

"ဒါမှမဟုတ် ကျွန်မကို ကျေးကျွန်အဖြစ်ထားပါ"

လင်ခိုးသားက စကားမပြန်သောအခါ သဌေးသမီးက... ဆက်၍....

"ပောဒီရွှေသားလက်ကောက်၊ ပုလဲ ကျောက်မျက်ရွဲ၊ စိန် ကြောင် နီလာ ရတနာ အစုံရှိပါတယ်။ အားလုံးကို ယူပါ။ ကျွန်မကိုလဲအစေခံကျွန်မလို့သာပြောကြားပါ။ အသက်ကိုတော့ ချမ်းသာပေးတော်မူပါ"

WWW.DHAMMARANSI.COM



ထိုအခါ ခိုးသားက....

"ဪ...သင်ပြောသလို လုပ်တော့ သင့်မိဘတွေကို ပြောကြားမှာပဲ၊ သတ်ကိုသတ်ရမယ်၊ ကျယ်ကျယ်မငိုနဲ့ တိတ်"

ဟု ကြိမ်းမောင်းလေရာ သဌေးသမီးကလေးမှာ ဘယ်လိုမှ



တတိယအကြိမ်

WWW.DHAMMARANSI.COM



တောင်းပန်၍ရတော့မည်မဟုတ်သည်ကို သိလေသဖြင့် ရှိုက်ကြီးတငင် ငိုကြွေး၍သာ နေရှာလေတော့သည်။

## မိန်းမတို့ဥာဏ် လွန်လျင်မြန်

"အမိုက်မ၊ အချိန်ကြာတယ်၊ ငိုမနေနဲ့ လက်ဝတ်လက်စားတွေမြန်မြန်ချွတ်၊ အဝတ်နဲ့ထုပ်၊ မြန်မြန်သတ်ရမယ်" (ပုံ ၉)

အလွန့်အလွန် တဘက်သတ် ချစ်ခဲ့ရသော လင်ခိုးသား၏ရက်စက်တင်းမာသောစကားကို ကြားရသောအခါ သဋ္ဌေးသမီးသည် ငိုခြင်းကိုရပ်၍ လင်ခိုးသားကို မော့၍ကြည့်၏။ ဘယ်သို့မှ တောင်းပန်၍ မရတော့သည်ကို သိ၏။ သဋ္ဌေးသမီးသည် စဉ်းစား၏။

"ဩြော်....တယ်ခက်ပါလား၊ ပညာဆိုတာ ချက်ပြုတ်စားဖို့ သင်ကြားခဲ့တာမဟုတ်ပါလား။ တကယ်တော့ တွေးခေါ်မြော်မြင် ဆင်ခြင်သုံးသပ်ဖို့ပါပဲလား။ ဒီငမိုက်သားကို ဘယ်လို လုပ်သင့်တယ်ဆိုတာ သိရတော့မှာပါ"ဟု မျက်ရည်သုတ်ကာ...

"အရှင်။ ။အရှင့်ကို ခိုးသားဆိုပြီးတော့ ဖမ်းဆီး ခေါ်ဆောင်လာစဉ်က ကျွန်မက မိဘများကို အကြပ်ကိုင်ခဲ့လို့ အသပြာ တထောင်ပေးပြီး အရှင့်ကိုဆောင်ယူခဲ့ပြီး ကျွန်မနဲ့ပေးစားခဲ့ကြပါတယ်။ ဒီအချိန်ကစပြီး လင်သားအဖြစ် အစစအရာရာ ရှိသေကျိုးနွံစွာပြုစုခဲ့ပါတယ်။ လင်ကိုအိမ်ဦးနတ်အဖြစ် အမြဲမပြတ် ရှိခိုးခဲ့တာ အရှင်အသိပါ။ အခုလဲ အရှင့် မျက်နှာကို ဝအောင်ကြည့်ပြီး နောက်ဆုံးဂါရဝပြုခြင်းအနေနဲ့ကိုယ်ကို သုံးကြိမ်လက်ယာပတ်ရှိခိုးခွင့်ပေးတော်မူပါ" ဟု ရှိခိုးတောင်းပန်၏။

"ကောင်းတယ်၊ ကောင်းတယ်၊ ဝအောင်ကြည့်၊ ဝအောင်

WWW.DHAMMARANSI.COM



ကြည့်၊ ပြီးတော့ တပတ်လှည့်ပြီးရှိခိုး၊ ကောင်းတယ်၊ ကောင်းတယ်''ဟု ပြောကာ တောင်ထိပ်စွန်းမှာရပ်၏။

သဌေးသမီးသည် မတ်တတ်ရပ်၍သုံးကြိမ်လက်ယာရစ်ပတ်၍ အရပ်လေးမျက်နှာတို့မှ ရှိခိုးကာ....

''အရှင်၊ ယခုဖူးမြင်ရခြင်းမှာ အရှင့်ကို နောက်ဆုံး ဖူးမြင်ရခြင်းပါ၊ ဒီနောက်တော့ ကျွန်မက အရှင့်ကို တွေ့ရဖို့ မြင်ရဖို့၊ အရှင်က ကျွန်မကို တွေ့ရဖို့မြင်ရဖို့ မရှိတော့ပါ''ဟု ရှိခိုးယင်းက ရှေ့သို့တိုးကာ လည်ပင်းကိုရှေ့မှလည်းကောင်း၊ နောက်မှလည်းကောင်း ဖက်ယင်း ငိုယိုပြန်လေ၏။

ခိုးသားလင်သည် တချက်တွေဝေ၍သွား၏။

သဌေးသမီးသည်လည်ပင်းကိုဖက်ယင်းကနောက်သို့အရောက်တွင် လက်တဘက်ဖြင့် ပခုံးကိုကိုင်လျက် လက်တဘက်ဖြင့် ပုဆိုးနောက် ခါးတောင်းကျိုက်စွန်းကို ကိုင်ကာ ချောက်တွင်းသို့ တွန်းချလိုက်ရာ ခိုးသားသည် အမှတ်မထင် ခြေလက်ကားရားကျ၍သွားတော့လေရာ၊ (ပုံ ၁၀) ကျောက်ဆောင် ကျောက်စွန်းများနှင့် ရိုက်ခတ်ပြီး အပိုင်းပိုင်းပြတ်ကာ သေဆုံးရရှာလေသတည်း။

## တောင်စောင့်နတ်က ကောင်းချီးပေးခြင်း

ထိုသူ နှစ်ဦးတို့၏ အဖြစ်အပျက်ကို စောင့်၍ကြည့်နေသော တောင်စောင့်နတ်သည် ကောင်းချီးပေးလိုက်သည်မှာ ...

(၁) အရာရာမှာ ယောက်ျားသာလျှင် ပညာရှိသည်မဟုတ်ပေ။ မိန်းမသည်လည်းထိုထိုအရာကောင်းစွာမြော်မြင်ဆင်ခြင်နိုင်သော ပညာမျိုးရှိပေသည်တကား။

တကိုယအကြိမ်

WWW.DHAMMARANSI.COM





(၂) နေရာတိုင်းမှာ ယောကျ်ားသာလျှင် ပညာရှိသည် မဟုတ်ပေ၊ မိန်းမသည်လည်း အရာရာတိုင်းတွင် လျင်မြန်စွာ ကြံစည်နိုင်ဘိ၊ ပညာရှိ မသေ့ ဖြစ်ပေနိုင်၏။

ဟူ၍ နှစ်ဂါထာတို့ဖြင့် ချီးကျူးလိုက်ပေသတည်း။

တတိယအကြိမ်

WWW.DHAMMARANSI.COM



သဌေးသမီးသည် မိမိ၏အသက် လွတ်မြောက်ရေးအတွက် လင်ခိုးသားကို ချောက်တွင်းသို့တွန်းချပြီးနောက် အိမ်သို့မပြန်ရဲ တော့ပေ။ အန္တရာယ်ပေးတတ်သော လက်ဝတ်လက်စား ပုလဲ လည်ရွဲ ဘယက်တန်ဆာအားလုံးကိုချွတ်၍ စွန့်ပစ်ခဲ့ပြီး (ပုံ၁၁) တောလမ်းခရီးဖြင့် (ခြေဦးတည့်ရာ)သွားလေလျှင် ပရိဗိုဇ်တို့၏ ကျောင်းတခုကို တွေ့လေ၏။



WWW.DHAMMARANSI.COM

သဋ္ဌေးသမီးသည် ပရိဗိုဇ်တို့အား ရှိခိုးလျက် ရဟန်းပြုပေးပါရန် တောင်းပန်၏။ ပရိဗိုဇ်တို့က ရဟန်းပြုပေးကြ၏။ (ပုံ ၁၂)



တတိယအကြိမ်

WWW.DHAMMARANSI.COM


သဒ္ဒေးသမီးသည်ပရိဗိုဇ်ရဟန်းဖြစ်ပြီးနောက် "အရှင်ဘုရား၊ အရှင်ဘုရားတို့၏ ရဟန်းအဖြစ်၌ အဘယ်အကျင့်သည် အမြတ်ဆုံး ဖြစ်ပါသနည်း"ဟု မေး၏။

"ငါတို့၏ အကျင့်သည် ကသိုဏ်းဆယ်ပါးကို ပရိကမ်ပြု၍ ဈာန်ရအောင်လည်းကျင့်၏၊ သို့မဟုတ် ဝါဒတထောင်ကိုလည်း သင်ယူသင့်၏"ဟု ဆိုကြ၏။

"တပည့်တော်မသည် ဈာန်ကို ဖြစ်စေရန်ကား မတတ်နိုင်သေး၊ ဝါဒတထောင်ကိုပင် သင်ယူပါမည်"ဟု ဆို၏။

ပရိဗိုဇ်တို့သည် သဒ္ဒေးသမီး ပရိဗိုဇ်မကို ဝါဒတထောင်ကိုပင် သင်ယူစေ၏။

မကြာမီ အတွင်းမှာပင် ဝါဒတထောင်ကို ကုန်စင်အောင် သင်ကြားတတ်မြောက်လေ၏။

ပရိဗိုဇ်တို့က "ငါတို့၏ တရားအားလုံးကို ယခု သင်တတ်မြောက်ပေပြီ၊ ဤ ဝါဒ တထောင်ကို စွဲကိုင်လျက် ဇမ္ဗူဒိပ်တကျွန်းလုံးသို့လှည့်လည်လေလော့၊သင်မေးသောဝါဒတထောင်ကို ဖြေနိုင်သူရှိက လူဖြစ်လျှင် ထိုသူထံ သင့်ကိုယ်ကို အပ်၍ အလုပ်အကျွေးပြုလေလော့၊ ရဟန်းဖြစ်လျှင် ထိုရဟန်းထံ၌ တပည့်ခံ၍ ရဟန်းပြုလေလော့"ဟု မှာကြား၍ သဒ္ဒေးသမီး ပရိဗိုဇ်မလက်သို့ သပြေခက်ကို ပေးအပ်လိုက်၏။

ထိုပရိဗိုဇ်မအား "သပြေခက်ရှင် ပရိဗိုဇ်မ" (ဇမ္ဗုပရိဗ္ဗာဇိကာ)ဟု အမည်တွင်၏။

## သပြေခက်ရှင်ကကြေငြာ ပြိုင်ဆိုင်ပုံ

သပြေခက်ရှင် ပရိဗိုဇ်မသည် မြင်တိုင်း,မြင်တိုင်းသော သူတို့အား ပြဿနာကို မေး၏။ ဝါဒတထောင် တတ်မြောက်ပြီး

WWW.DHAMMARANSI.COM



"ထိုသို့ဆိုလျှင် တပည့်တော်မကို ရဟန်းပြုပေးပါဟု" လျှောက်၏။

အရှင်သာရိပုတ္တရာသည် ပရိဗိုဇ်မအား ဘိက္ခုနီမတို့ထံအပ်၍ ရဟန်းပြုပေးစေ၏။ ကုဏ္ဍလကေသီထေရီဟု အမည်တွင်၏။

တတိယအကြိမ်

WWW.DHAMMARANSI.COM



(သရွေးသမီးဘဝမှ ပြေးလာ၍ ပရိဗိုဇ်ကျောင်းတွင် ရဟန်းပြုရာ ပရိဗိုဇ်တို့၏ ထုံးစံအရ ဆံပင်တပင်စီကို ထန်းစေ့ညှပ်ဖြင့် နုတ်၍နုတ်၍ပစ်ရ၏။ ထန်းစေ့ညှပ်ဆိုသည်မှာထန်းစေ့ကိုအတွင်း ဆန်ထုတ်၍ ညှပ်သဖွယ်ပြုလုပ်ထား၏။ ဦးခေါင်းတခုလုံး မူလဆံပင်ကိုကုန်စင်အောင်ညှပ်ဖြင့်နုတ်ပစ်ပြီး ဦးခေါင်းရိတ်ခြင်းမရှိသဖြင့် နောက်ထပ်ပေါက်လာသော ဆံပင်တို့သည် အခွေ,အခွေဖြစ်၍ ထွက်လာကြ၏၊ ဦးခေါင်းတခုလုံးဆံပင်တို့ အခွေ,အခွေ အလိပ်, အလိပ် ဖြစ်နေ၍ ဆံပင်တို့မှာ နားတောင်းသဖွယ်ဖြစ်သောကြောင့် ကုဏ္ဍလကေသီထေရီဟု ခေါ်ကြခြင်းဖြစ်၏။)

ကုဏ္ဍလကေသီထေရီသည် (ဘဝပေါင်းများစွာ ပန်ဆင်ခဲ့သော ဆုများကြောင့်)ရဟန်းဖြစ်ပြီး နှစ်ရက်, သုံးရက်လွန်လျှင် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

## တရားသဘင်

ရဟန်းတို့သည် တရားသဘင်၌....

"ကုဏ္ဍလကေသီထေရီမသည် တရားနာရခြင်းလည်းများစွာ မရှိပဲ ရဟန်းကိစ္စ ပြီးဆုံးခြင်းသို့ရောက်၏။ သူမ၏ ခိုးသူလင်ကို အကြီးအကျယ်စစ်ထိုး အနိုင်ယူပြီး ရောက်လာခဲ့သည်" ဟု ပြောကြ၏။

မြတ်စွာဘုရား ကြွလာတော်မူ၍....

"ရဟန်းတို့၊ ယခု အဘယ်စကားဖြင့် စည်းဝေးကြသနည်း" ဟု မေးတော်မူလျှင်၊ ရဟန်းတို့က "ဤသို့သော စကားပါ" ဟု လျှောက်ထားကြ၏။ မြတ်စွာဘုရားက...

"ရဟန်းတို့၊ ငါဘုရား ဟောကြားအပ်သော (တရား) စကားကို နည်းသည် များသည်ဟု ပမာဏကို မကြည့်ကြနှင့်။

တတိယအကြိမ်

WWW.DHAMMARANSI.COM



သော သပြေခက်ရှင် ပရိဗိုဇ်မနှင့် ယှဉ်ပြိုင် ပြောဆိုနိုင်သူ မရှိပေ။

"သပြေခက်ရှင် လာပြီ" ကြားလျှင်ပင် အကိုးကွယ်ခံဂိုဏ်းဂဏ, ဝါဒရှင်ဆိုသူတို့သည် ထွက်ပြေးကြကုန်၏။

"သပြေခက်ရှင်"သည် မြို့ရွာတို့သို့ရောက်၍ ဆွမ်းခံဝင်သည့်အခါတိုင်း ရွာတံခါးဝ၌ သဲပုံပြုလုပ်ပြီး ထိုသဲပုံ၌သပြေခက်ကို စိုက်ကာ "ငါနှင့် ဝါဒအပြိုင် ပြောဆိုနိုင်လျှင် သပြေခက်ကို နင်း၍ ဖျက်ဆီးလော့"ဟု ကြေငြာပြီးမှ ရွာတွင်းသို့ ဝင်သည်။ သဲပုံရှိရာသို့ ချဉ်းကပ်စံ့သူပင် မရှိ။

ထိုပရိဗိုဇ်မသည် သပြေခက်တခု ညှိုးနွမ်းလေလျှင် သပြေခက်အသစ်ကိုယူသည်။ ဤနည်းဖြင့် ဇမ္ဗူဒိပ်ကျွန်းသို့ လှည့်လည်ယင်း သာဝတ္ထိပြည်သို့ ရောက်၏။

သာဝတ္ထိပြည် မြို့တံခါးသို့ရောက်လျှင် မြို့အပြင် တံခါးဝ၌ သဲပုံပြုလုပ်ပြီး သပြေခက်စိုက်၍....

"ငါနှင့်အပြိုင် ပြောဆိုနိုင်လျှင် ဤသပြေခက်ကို နင်းချေဖျက်ဆီးလေလော့"ဟု ကြေငြာပြီးမြို့တွင်းသို့ ဝင်သွား၏။

ကလေးသူငယ်များစွာတို့သည် သပြေခက်ကို ဝိုင်း၍ ကြည့်နေကြ၏။

## အရှင်သာရိပုတ္တရာနှင့် တွေ့ဆုံခြင်း

ထိုအချိန်တွင် အရှင်သာရိပုတ္တရာ မထေရ်သည် သာဝတ္ထိမြို့တွင်းသို့ ရောက်နေ၏၊ ဆွမ်းခံလှည့်လည်၍ ဆွမ်းကိစ္စပြီးသဖြင့် မြို့မှထွက်လာခဲ့သော် ကလေးသူငယ်များ သဲပုံကိုဝိုင်း၍ သပြေခက်ကို ကြည့်နေကြသည်ကို မြင်လျှင် "ဒါဘာလဲ"ဟုမေး၏။ ကလေးသူငယ်တို့က အကြောင်းစုံကို လျှောက်ကြားလေလျှင်

WWW.DHAMMARANSI.COM


"သည်လိုဆိုလျှင် သပြေခက်ကို နင်းနယ် ဖျက်ဆီးကြ" ဟု မိန့်တော်မူ၏။

သူငယ်တို့က "ကြောက်လှပါသည်"ဆိုလျှင်....

"ငါ ပြဿနာကို ဖြေမည်၊ နင်းသာနင်းကြ"ဟု မိန့်တော်မူသဖြင့် ကလေးသူငယ်တို့ အားတက်လာကြပြီး သပြေခက်ကို ဝိုင်းဝန်းနင်းချေကြပြီး သဲပုံမှ နုတ်ပစ်လိုက်ကြလေ၏။

ပရိဗိုဇ်မ မြို့တွင်းမှ ပြန်လာသောအခါ သပြေခက်များ နင်းချေနုတ်ပစ်ထားသည်ကိုတွေ့လေလျှင် ကလေးတို့ကိုကြိမ်းမောင်း၏၊ (ပုံ ၁၃)

"သင်တို့နှင့်ပြောဆိုရန် ငါ့မှာပြဿနာမရှိပါပဲ ဘာ့ကြောင့် ငါ့သပြေခက်ကို နင်းချေကြလဲ"ဟု မေး၏။

"အရှင်သာရိပုတ္တရာ မထေရ်မြတ်က နင်းချေခိုင်း၍ပါ" ဟု ဆိုကြ၏။ ပရိဗိုဇ်မသည် အရှင်သာရိပုတ္တရာ မထေရ်မြတ်ရှိရာသို့ သွား၍...

"အရှင်ဘုရား၊ အရှင်ဘုရားတို့သည် အကျွန်ုပ်၏ သပြေခက်ကို နင်းချေခိုင်းပါသလား" ဟု မေး၏။

အရှင်သာရိပုတ္တရာက "နှမ၊ မှန်ပေ၏" ဟု မိန့်၏။

"ဤသို့ဆိုလျှင် ကျွန်ုပ်နှင့်ပြဿနာကိုပြိုင်ဆိုင်ပါ"ဟု ဆိုလေသောအခါ...

"ကောင်းပြီ၊ နှမ၏ပြဿနာကို မေးလော့၊ ငါဖြေအံ့" ဟု မိန့်တော်မူ၏။

## ကုဏ္ဍလ ကေသီထေရီမဟု အမည်ရခြင်း

ထိုပရိဗိုဇ်မသည် နေမွန်းတည့်ချိန်၌ ပြဿနာမေးရန် အရှင်သာရိပုတ္တရာအထံသို့ သွားလေရာ တမြို့လုံးချောက်ချားသွား၏။

WWW.DHAMMARANSI.COM



ပညာရှင် နှစ်ဦး၏ စကားကို နားထောင်ကြရန် သာဝတ္ထိမြို့သူမြို့သားတို့သည် ပရိဗိုဇ်မ နောက်မှ လိုက်ကြပြီး အရှင်သာရိပုတ္တရာမထေရ်သီတင်းသုံးရာ,နေရာသို့ ရောက်လျှင် မထေရ်ကို ရှိခိုးလျက် သင့်ရာနေရာ၌ ထိုင်ကြကုန်၏။

ပရိဗိုဇ်မသည် ဇမ္ဗူဒိပ် တကျွန်းလုံးက အရှုံးပေးရသောဝါဒထောင်ကို မေးရန်အတွက်....

တတ်ယအကြိမ်

WWW.DHAMMARANSI.COM



"အရှင်ဘုရား၊ ပြဿနာကို မေးပါမည်"ဟု ဆို၏။

"နှမ၊ မေးလော့"ဟု မိန့်တော်မူ၏။

ပရိဗိုဇ်မသည် ဝါဒတထောင်ကို မေးလေ၏။

မထေရ်သည် မေးတိုင်း မေးတိုင်းဖြေဆို၏။

(ပရိဗိုဇ်မသည် အံ့ဩနေ၏။ ဇမ္ဗူဒိပ်တကျွန်းလုံးဖြေနိုင်မည့်သူ တစုံတယောက်မျှမရှိခဲ့။ ယခု ဤရဟန်းတော်ကား မေးသမျှပုစ္ဆာကို တုံ့ဆိုင်းခြင်းမရှိ ဖြေစွမ်းနိုင်ဘိ၏ဟု အံ့ဩနေ၏။ ဝါဒတထောင်လုံး ကုန်ပေပြီ။ မေးစရာမရှိတော့၍ တုံ့ဆိုင်းနေ၏။)

အရှင်သာရိပုတ္တရာက ပရိဗိုဇ်မကို...

"သင်မေးစရာ ကုန်ပြီလော"ဟု မေးတော်မူ၏။

"အရှင်ဘုရား၊ ဤမျှသာဖြစ်ပါ၏"

"သင်သည် ပြဿနာပေါင်းများစွာကို မေးခဲ့သည်၊ ငါတို့သည် ပြဿနာ တခုကို မေးမည် ဖြေဆိုပေတော့"

"သိလျှင် ဖြေဆိုပါမည်"

"ပရိညာ သုံးပါးဖြင့် ပိုင်းခြား၍ သိရမည့်တရား (တခု) ဟူသည် အဘယ်နည်း"ဟု မေးတော်မူ၏။

ပရိဗိုဇ်မသည် မည်သို့ ဖြေဆိုရမည်ကို မသိ၍ (ပုံ ၁၄)

"အရှင်ဘုရား၊ ဤသည်ကား အဘယ်သို့သောပုစ္ဆာပြဿနာပါနည်း"ဟု ပြန်၍ မေး၏။

"နှမ၊ ဗုဒ္ဓပြဿနာခေါ်ပါ၏"

"အရှင်ဘုရား၊ တပည့်တော်မအား ထိုပြဿနာ အဖြေကို ပေးတော်မူပါ"ဟု လျှောက်ထားတောင်းပန်လေ၏။

"ငါကဲ့သို့ ရဟန်းဖြစ်လျှင် ပေးအံ့"

WWW.DHAMMARANSI.COM



အကျိုးမရှိသော စကားပုဒ်ပေါင်း တရာသည်မမြတ်။ တရားနှင့် စပ်သော စကားတခွန်း၊ ပုဒ်တပုဒ်သည်သာလျှင်မြတ်၏။ ။ ခိုးသားအားလုံးတို့အား အနိုင်ရသူကိုပင် အောင်သည်ဟုမခေါ် နိုင်။ ကိုယ်တွင်းမှ ကိလေသာ ခိုးသားတို့ကို နိုင်သူ အားသာ အောင်သည်မည်ပေ၏”ဟု မိန့်တော်မူ၍ စကားတော်ကို ဆက် စပ်တော်မူလျက် တရားတော်ကို ဟောတော်မူသည်မှာ—

၁၀၂။ ယော စ ဂါထာသတံ ဘာသေ၊
အနတ္ထ ပဒသံ ဟိတာ။
ဧကံ ဓမ္မပဒံ သေယျော၊ ယံ သုတွာ ဥပသမ္မတိ။

၁၀၃။ ယော သဟဿံ သဟဿေန၊
သင်္ဂါမေ မာနုသေ ဇိနေ။
ဧကဉ္စ ဇေယျမတ္တာနံ၊ သ ဝေ သင်္ဂါမဇုတ္တမော။

၁၀၂။ ။အကျိုးမဲ့ပိုဒ်နှင့်သာဆိုင်သော ဂါထာတရာကို ရွတ်ဆိုစေကာမူ (မမြတ်)၊ ကြားနာရသဖြင့် ရာဂစသည် ငြိမ်း အေးကြောင်းဖြစ်သော တရားတပါဒကို ရွတ်ဆိုခြင်းသည်သာ ပိုလွန်၍ မြတ်၏။

၁၀၃။ ။အကြင်စစ်သူရဲတယောက်သည် စစ်မြေပြင်၌ စစ်သည်ဗိုလ်ပါတို့ကို အကြိမ်တသန်း အောင်နိုင်ရာ၏။ အကြင် သူရဲကောင်းတယောက် သည်ကား၊ ကိုယ်တွင်း ကိလေသာကို တကြိမ်တခါမျှ အောင်နိုင်ရာ၏။ ကိုယ်တွင်း ကိလေသာကို တကြိမ် အောင်နိုင်သော ထိုသူသည်သာ စစ်အောင်နိုင်သူတို့တွင် အမြတ်ဆုံးဖြစ်၏။

ဒေသနာတော်၏အဆုံး၌ များစွာသောသူတို့ သောတာပတ္တိ ဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

(ဓမ္မပဒ သဟဿဝဂ် ၃ ကုဏ္ဍလကေသီထေရိဝတ္ထုပြီး၏။)

တတိယအကြိမ်

WWW.DHAMMARANSI.COM



# ကုဏ္ဍလကေသီထေရီ၏ အတိတ်ဇာတ်ကြောင်း

ဤအတိတ်ဇာတ်ကြောင်းကို "နိုင်ငံတော်ဗုဒ္ဓသာသနာ့မဟာဗုဒ္ဓဝင်ဆဋ္ဌမတွဲ ဒုတိယပိုင်းနှင့် ထေရီအပဒါန်" မြန်မာပြန်တို့ကို ပူးပေါင်းမှီငြမ်းတင်ပြပါမည်။

## ရှေးဆုတောင်းများကား

ဤကုဏ္ဍလကေသီ ထေရီအလောင်း အမျိုးကောင်း သမီးသည် "ပဒုမုတ္တရမြတ်စွာဘုရားလက်ထက်တော်အခါတွင် ဟံသာဝတီပြည်၌ သဌေးသမီးဖြစ်ခဲ့သည်။ မြတ်စွာဘုရား၏တရားတော်ကိုနာကြားစဉ် (သုဘာထေရီဘိက္ခုနီမ)ကို 'ခိပ္ပာဘိညာ၊ လျင်မြန်သော မဂ်ဖိုလ်အဘိညာဏ်ရှိသောအရာဝယ် အသာဆုံး အမြတ်ဆုံး(ဧတဒဂ်) ရာထူး၌ ထားတော်မူသည်ကို အားကျကာ၊ အဓိကာရ ကောင်းမှုကုသိုလ်ပြုပြီးလျှင် (ထိုခိပ္ပာဘိညာ ဧတဒဂ်ရာထူးကို)ဆုတောင်းပတ္ထနာပြုလေသည်။

ပဒုမုတ္တရ မြတ်စွာဘုရားရှင်က သဌေးသမီးသည် ဂေါတမ မြတ်စွာဘုရား သာသနာတော်၌ ထိုဆုတောင်း ပြည့်စုံမည့် အကြောင်းကို ဗျာဒိတ်စကားမိန့်ကြားတော်မူခဲ့လေသည်။

## ဘဝအဆွေဆွေ

ထိုပြုအပ်သော ကုသိုလ်မှု စေတနာ ကံတို့ကြောင့် လည်းကောင်း၊ တောင့်တမှုတို့ကြောင့်လည်းကောင်း ထိုဘဝမှစုံတေသော် တာဝတိံသာဘုံ၊ ထိုမှတဆင့်ယာမာဘုံ၊ တုသိတာဘုံ နိမ္မာနရတိဘုံသို့ လည်းကောင်း၊ ဝသဝတ္တိဘုံသို့ လည်းကောင်း

ဒုတိယအကြိမ်

WWW.DHAMMARANSI.COM

ကိကိမင်းကြီး၏ သမီးတော် ခုနစ်ဖော်မှ

ပဉ္စမသမီးတော် 'ဓမ္မာ' မင်းသမီးသည်

ဂေါတမ ဘုရားရှင် လက်ထက်တွင်

လူ့ခစီဝရမရ–တေဒဂ်

ခေါင်းပါးညှံ့ဖျင်းသေ ၊ သက်န်းကို ဝတ်ရုံရာ၌

အသာဆုံး၊ အမြတ်ဆုံး ဘွဲ့ထူးရ

# ကိသာဂေါတမီ ထေရီဝတ္ထု

သေခြင်းကင်းသော နိဗ္ဗာန်ကို မမြင်ပဲ
အနှစ်တရာပတ်လုံး အသက်ရှင်ရခြင်းထက်
သေခြင်းကင်းသော နိဗ္ဗာန်ကိုမြင်သော
ပုဂ္ဂိုလ်၏ တရက်မျှအသက်ရှည်ခြင်းသည် မြတ်၏။ ။

[ဓမ္မပဒ သဟဿဝဂ် ဂါထာ ၁၁၄]

တတိယအကြိမ်

WWW.DHAMMARANSI.COM



# ကိသာဂေါတမီဝတ္ထု

သာဝတ္ထိပြည်မှ သဌေးကြီးတဦးသည် ရေးကံကုန်၍ ကုဋေလေးဆယ်မျှသော ရွှေတုံးရွှေခဲများသည် အံ့သြဖွယ်ရာ မီးသွေးခဲများဖြစ်သွားကြ၏။ ထိုအဖြစ်အပျက်ကြောင့် သဌေးကြီးမှာ သောကကြီးစွာရောက်၍ မစားမသောက်နိုင်တော့ပဲ အိပ်ရာထဲမှာ လဲလျောင်း၍သာနေရရှာ၏။

ထိုသဌေး၏ သူငယ်ချင်းတယောက် အိမ်သို့ရောက်လာ၍ အကျိုးအကြောင်းမေးကာ ဝမ်းနည်းကြေကွဲစွာ အကြောင်းစုံပြောပြရာ သူငယ်ချင်းဖြစ်သူက အကြံတခုပေး၏။ အိမ်ရှေ့၌ ဖျာကိုခင်း၍ ထိုမီးသွေးတို့ကိုစုပုံပြီး ရောင်းမည့်ဟန်ဖြင့် ထိုင်နေပါ။ သဌေး မီးသွေးရောင်းနေပါကလားဟု မေးကြလျှင် တိုတိုတုတ်တုတ်သာဖြေလိုက်ပါ။

တစုံတယောက်ကလာပြီး "သဌေးရွှေတွေထိုင်ရောင်းနေပါကလား"ဟု မေးလျှင် ပြောလာသူကို "ဘယ်မှာလဲရွှေတွေ" ဟုမေးပါ။ "ဒီပစ္စည်းတွေပေါ့"ဟုဆိုလျှင် "ယူပေးစမ်းပါ" ဟုပြောပြီး လက်နှစ်ဘက်ဖြင့်ခံယူပါ။ ထိုသူယူပေးလျှင် သူငယ်ချင်းလက်ထဲမှာ ရွှေတွေဖြစ်လာပါလိမ့်မည်။ ထိုအခါယူပေးသူသည် လူငယ်ဖြစ်လျှင် သမီးနှင့်ပေးစားပါ။ ထိုကုဋေလေးဆယ်ပစ္စည်းကို သမက်အား အပ်နှင်းပြီး သမက် စီမံပေးအပ်သည့်ပစ္စည်းကို သူငယ်ချင်းသုံးဆောင်ပါ။ အကယ်၍ သူငယ်မဖြစ်လျှင် သားနှင့်ပေးစား၍ ထိုချွေးမကစီမံပေးအပ်သော ဥစ္စာကို သူငယ်ချင်းသုံးဆောင်ပါဟု နည်းလမ်းကောင်း ပေးလေ၏။

သဌေးသည် အကြံကောင်းပေပဲဟု သဘောကျနေ၏။

တတိယအကြိမ်

WWW.DHAMMARANSI.COM


ရောက်ရ၏။ ထိုကံ၏ အစွမ်းကြောင့် ထိုထိုဘဝတို့၌ မင်းတို့၏ မိဖုရားအဖြစ်သာလျှင် ပြုခဲ့ရ၏။

ထိုဘုံတို့မှ စုတေလတ်သော် လူတို့ဘုံ၌ စကြဝတေးမင်းတို့၏ လည်းကောင်း၊ ပဒေသရာဇ် မင်းတို့၏ လည်းကောင်း မိဖုရား အဖြစ်ကို ပြုခဲ့ရ၏။

အလုံးစုံသော ဘဝတို့၌ စည်းစိမ်ခံစား ချမ်းသာခြင်းသို့ ရောက်၍ များစွာသော ကမ္ဘာတို့၌ ကျင်လည်ခဲ့ရ၏။

## ကိကီမင်းကြီး၏ သမီးတော်ခုနစ်ဖော်

ကဿပမြတ်စွာဘုရား ပွင့်တော်မူရာအခါ၌ ကာသိတိုင်း၊ ဗာရာဏသီပြည်၊ ကိကီမင်းကြီး၏သမီးတော် ခုနစ်ဖော် အနက် စတုတ္ထမြောက် သမီးတော်"ဘိက္ခုဒါယိကာ"ဖြစ်လာ၏။

သမီးတော်ခုနစ်ဖော်တို့ကား (၁) သမဏီ၊ (၂) သမဏာ ဂုတ္တာ၊ (၃) ဘိက္ခုနီ၊ (၄) ဘိက္ခုဒါယိကာ၊ (၅) ဓမ္မာ၊ (၆) သုဓမ္မာ၊ (၇) သံဃဒါယိကာတို့ ဖြစ်ကြ၏။

ဂေါတမဘုရားရှင်လက်ထက်တော်တွင် (အစဉ်အတိုင်းအား ဖြင့်) ခေမာ၊ ဥပ္ပလဝဏ်၊ ပဋာစာရီ၊ ကုဏ္ဍလကေသီ၊ ကိသာ ဂေါတမီ၊ ဓမ္မဒိန္နာ၊ ဝိသာခါ ဟူ၍ ဖြစ်လာကြရ၏။

ကိကီမင်းကြီး၏ သမီးတော်ခုနစ်ဖော်တို့သည် ကဿပဘုရား ရှင်၏တရားတော်ကို နာကြားရပြီး ခမည်းတော်ထံ ရဟန်းပြုခွင့် တောင်းကြ၏။ ခွင့်မပြုသောအခါ ညီအစ်မ ခုနစ်ဖော်တို့သည် အနှစ် နှစ်သောင်းကြာ ဆယ်ပါးသီလတို့ကို ဆောက်တည်ကာ အပျိုစင်ဘဝဖြင့်ပင် ကောမာရီဗြဟ္မစရိယ အကျင့်တို့ ကျင့်သုံး လျက် နေကြ၏။

WWW.DHAMMARANSI.COM



## ဂေါတမဘုရားရှင်လက်ထက်တော်တွင်

ဘိက္ခုဒါယိကာမင်းသမီးဘဝမှ စုတေ၍ နတ်ပြည်၊ လူ့ပြည်တို့၌ ကျင်လည်ခဲ့ရပြီး ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသော ကာလဝယ် သဋ္ဌေးသမီးဖြစ်၍ ခိုးသားကိုကြိုက်မိရာမှ မိမိ အသက်ကို အနိုင်ရအောင်ယူပြီး ပရိဗိုဇ်တို့ ကျောင်းသို့ရောက်၊ ပရိဗိုဇ်မဖြစ်၊ ဝါဒတထောင်တတ်မြောက်၊ ရှင်သာရိပုတ္တရာနှင့် တွေ့ တောင်းပန်ပြီး ဘိက္ခုနီမပြုလုပ်၊ နှစ်ရက်, သုံးရက်အတွင်း ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

## တေဒဂ်ဘွဲ့ထူးရရှိခြင်း

ထို့နောက်အဖို့၌ မြတ်စွာဘုရားသည် ပရိသတ် လေးပါး အလယ်၌ တေဒဂ်ဘွဲ့ထူးကို ပေးတော်မူရာ၌....

"ရဟန်းတို့။ ။မင်ဥာဏ်,ဖိုဥာဏ်ကိုလျင်မြန်စွာ ရအပ်၏၊ ငါဘုရား၏ တပည့်မ သာဝိကာများစွာတို့တွင် ကုဏ္ဍလကေသီ ဘိက္ခုနီသည် အသာဆုံး, အမြတ်ဆုံးဖြစ်ပေသည်" ဟု ချီးကျူး မိန့်မြွက်တော်မူကာ "ခိပ္ပာဘိညာ" အရာဝယ် တေဒဂ် ရာထူး၌ ထားတော်မူလေသည်။

(ဤကား ကုဏ္ဍလကေသီ ဝတ္ထုကြောင်းတည်း။)

☆

WWW.DHAMMARANSI.COM




ဘုန်းရှင်ကံရှင် ကိသာဂေါတမီ

သဌေးသည် အိမ်ရှေ့၌ဖျာခင်း၍ မီးသွေးများ ပုံထားကာ ထိုင်နေ၏။ လူအများက မီးသွေးတွေ ရောင်းနေသလားဟု တတိယအကြိမ်

WWW.DHAMMARANSI.COM

မေးကြ၏။ "ငါ့ပစ္စည်း ငါမရောင်းလျှင် ဘာလုပ်ရမလဲ"ဟု တုံ့ပြန်ပြောဆို၏။

ထိုအချိန်တွင် ဥစ္စာပျက်ခဲ့သည့် သဋ္ဌေးမျိုး၏ သမီးဖြစ်၍ ကိုယ်ခန္ဓာပိန်လှန်းလှသော ကိသာဂေါတမီသည် ကိစ္စတခုဖြင့် လာယင်း သဋ္ဌေးအိမ်ရှေ့ရောက်လာ၍ သဋ္ဌေးကိုမြင်လျှင်....

"အို အဖေကြီး၊ ဘယ်လိုလဲ ရွှေတွေငွေတွေ ပုံပြီးရောင်း နေပါလား"ဟုမေး၏။

"သမီး... ဘယ်မှာလဲ ရွှေတွေငွေတွေ"ဟု ပြန်မေးလေလျှင်

"အဖေကြီးက ရွှေပုံငွေပုံရှေ့ထားပြီး ထိုင်နေတာပဲ"

"သမီး... အဲဒီရွှေတွေငွေတွေယူပေးစမ်းပါ"

ကိသာဂေါတမီသည် လက်ခုပ်အပြည့်ယူပြီး သဋ္ဌေးလက် တွင်းသို့ လောင်းထည့်ပေး၏။ သဋ္ဌေးလက်ပေါ်၌ ရွှေငွေတို့ ဖြစ်သွားကြ၏။ သဋ္ဌေးသည် အလွန် ဝမ်းမြောက်သွား၏။ သဋ္ဌေးက....

"သမီးတို့အိမ် ဘယ်မှာလဲ"ဟုမေး၏။ ကိသာဂေါတမီက မိဘအမည်နှင့်တကွ နေရာကိုပြောပြလေလျှင်သဋ္ဌေးကအားလုံး သိ၏။ မျိုးရိုးလည်းတူညီ၊ ကိသာဂေါတမီတွင် အိမ်ထောင် မရှိသေးကြောင်းသိသဖြင့် ကိသာဂေါတမီ မိဘတို့ထံတွင် မိမိ သားနှင့် စေ့စပ်ပေးစားကာ အိမ်သို့ခေါ်ဆောင်လာပြီး ကုဋေ လေးဆယ်သောဥစ္စာတို့ကို ကိသာဂေါတမီအားအပ်နှင်းလေ၏။

ထိုအခါမှ ပစ္စည်းအားလုံးတို့သည် ရွှေနှင့်ငွေချည်းဖြစ်ကြ လေကုန်သတည်း။

တတိယအကြိမ်

WWW.DHAMMARANSI.COM



# သားကိုပွေ့ကာဆေးဝါးရှာ

ဂေါတမီသည် မကြာမီပင် သားတယောက်ရ၏။ သားကို အသက်တမျှ ချစ်ရ၏။ သားကလေးသည် ပြေးကာလွှားကာ တီတီတာတာ မပီကလာ ပြောနိုင်သောအရွယ်မှာ ရုတ်တရက် သေဆုံးသွားတော့၏။

ကိသာဂေါတမီသည် သားသေခြင်းကိုမကြုံဘူး၍ အပူကြီး ပူရ၏။ သူ့သားကလေးအလောင်းကိုမြို့ပြင်၌စွန့်ပစ်ကြမှာ သေချာ၏။ မစွန့်ပစ်ရက်၊ သားသေကို မီးသင်္ဂြိုဟ်ရန်ထုတ်ယူလာသူ တို့လက်မှယူပြီး အသက်ရှင်အောင်ကုနိုင်သော ဆေးဆရာရှိတန် ကောင်း၏ဟု သားကလေးအလောင်းကိုပိုက်၍....

"ကျွန်တော်မသားကလေးအတွက် အသက်ရှင်နိုင်တဲ့ဆေး ကို သိကြပါသလား"ဟု အိမ်စဉ်လျှောက်၍ မေးမြန်းလေ၏။ ထိုအခါ ကိသာဂေါတမီကိုလူတို့က "သင်ရူးနေပြီ၊ သေတဲ့သား အတွက်ဆေးလျှောက်ရှာနေတယ်"ဟု ဆိုကြ၏။ ကိသာဂေါ တမီသည်"ငါ့သားအတွက်ဆေးကိုသိသူ ကေန်ရှိမှာပဲ" ဟုမှတ် ထင်လျက် လှည့်လည်မေးမြန်း နေလေသည်။ ထိုအခါပညာရှိ ယောကျ်ားတဦးက တွေ့မြင်၍ "ဤသူငယ်မသည် ပထမ သားဦးကိုဖွားမြင်ပြီး၊ သားသေသည်ကို မတွေ့မကြုံဘူးသူဖြစ် ရမည်။ ငါသည် သူငယ်မကို ကူညီသင့်သည်"ဟုကြံစည်လျက် ထိုပညာရှိသောယောကျ်ားက "ချစ်သမီး၊ သင်၏သားကလေး အတွက် အသက်ပြန်ရှင်မည့်ဆေးကို မြတ်စွာဘုရားသည်သိ၏။ မြတ်စွာဘုရားထံသို့ သွားရောက်မေးပါလေ" ဟု တိုက်တွန်း ညွှန်ပြလေ၏။ ကိသာဂေါတမီသည် သားငယ်ကိုပွေ့၍ ဘုရား ရှင်ထံသွား၏။

တတိယအကြိမ်

WWW.DHAMMARANSI.COM



## မုန်ညင်းစေ့ပေးပါ မုန်ညင်းစေ့ ပေးပါ

ကိသာဂေါတမီသည် သားကလေးအလောင်းကို ပိုက်၍ မြတ်စွာဘုရားရှေ့တော်မှောက်ရောက်လျှင်....

"တပည့်တော်မ၏ သားကလေးအတွက် အသက်ရှင်ဆေးကို သိတော်မူသည်ဆိုတာ မှန်ပါသလား" ဟု လျှောက်ထား၏။ မြတ်စွာဘုရားရှင်သည် ကိသာဂေါတမီ၏ မဂ်ဖိုလ်ရကြောင်း ရှေးကောင်းမှုကိုမြင်တော်မူ၍ "ငါသိပေ၏" ဟုမိန့်တော်မူ၏။

"အဘယ်အရာကိုရှာခဲ့ရပါမည်နည်းဟု" မေးလျှောက်သော် "ချစ်သမီး၊ ကောင်းလှပေ၏။ သာဝတ္ထိပြည်တွင် လူတဦး တယောက်မျှ မသေဘူးသောအိမ်မှ မုန်ညင်းစေ့တလက်ဖျစ်ကို ရှာဆောင်ခဲ့လော့"ဟု မိန့်တော်မူ၏။ (တလက်ဖျစ်ဆိုသည်မှာ လက်သုံးနှင့်လက်မဖြင့်သာ ယူခြင်းကိုဆိုလိုပါသည်။)

ကိသာဂေါတမီသည်ဝမ်းသာအားရ ကလေးအလောင်းကို ပိုက်၍ သာဝတ္ထိမြို့ အစွန်အဖျား အိမ်မှစကာ တမြို့လုံး လိုက်၍ တောင်း၏။မသေဘူးသောအိမ်မရှိ။ တအိမ်မှပင်မုန်ညင်းစေ့ကို မရခဲ့ပေ။

## တရားတော်ကိုနာကြားရလျှင်

ညနေချမ်း ရောက်လျှင် ကိသာဂေါတမီက "ဤကိစ္စမှာ အလွန်ခက်ခဲသော ကိစ္စဖြစ်၏။ ငါ့မှသာ ငါ့သား သေသည်ဟု ထင်မှတ်ခဲ့သည်။ တရွာလုံးမှာလည်း အသက်ရှင်သူထက်သေသူက ပိုများခဲ့သည်"ဟု စိတ်ထဲတွင် သံဝေဂဉာဏ်ပေါ်လာ၏။

ကိသာဂေါတမီသည် ဤသို့သံဝေဂဉာဏ်ဝင်သည်နှင့်တပြိုင်နက် သား၌ချစ်သော နူးညံ့သည့်နှလုံးသားသည် မာကျော၍

WWW.DHAMMARANSI.COM



လာ၏။ ကိသာဂေါတမီသည် သား၏ရုပ်အလောင်းကို တောသို့ စွန့်ပစ်ခဲ့ပြီး မြတ်စွာဘုရားရှေ့တော်သို့ သွားရောက် ရှိခိုးကာ သင့်ရာ၌ ထိုင်နေလေ၏။

ထိုအခါ မြတ်စွာဘုရားက ကိသာဂေါတမီကို–

"ချစ်သမီးဂေါတမီ။ ။မုန်ညင်းစေ့ လက်တဆုပ် ရခဲ့ပြီလော" ဟု မေးတော်မူ၏။

"မြတ်စွာဘုရား၊ မရခဲ့ပါ။ တမြို့လုံး၌ အသက်ရှင်သူထက် သေသူကသာပိုများပါ၏"

ဟု လျှောက်လေ၏။ ထိုအခါမြတ်စွာဘုရားက–

"ဂေါတမီ၊ သင်သည် ငါ၏သားသာ သေသည်ဟုထင်နေသည်။ သေခြင်းတရားဆိုသည်မှာ သတ္တဝါတို့တွင် အစဉ်ကပ်လျက် အမြဲ တည်ရှိနေသော သဘောတည်း။ သေမင်းသည် သတ္တဝါတို့အလိုမပြည့်ဝမီ (သားမယား ပစ္စည်းဥစ္စာ တွယ်တာခင်မင်ပျော်ရွှင်၍ မဝမီသာလျှင်) ရေအလျဉ်ကြီးကဲ့သို့ မျောယူဆွဲငင်လျက် အပယ်ဘည်းဟူသော သမုဒ္ဒရာအတွင်း၌ပင် ပစ်ချတတ်လေ၏"

ဟုမိန့်တော်မူ၍ တရားတော်ကိုဟောတော်မူလိုသဖြင့်....

"ရေအလျဉ်ကြီးသည် အိပ်ပျော်နေသော ရွာသူ ရွာသား အပေါင်းတို့ကို တိုက်ခမျော၍ သွားသကဲ့သို့၊

ထို့အတူ သေမင်းသည် သား, သမီး, ကျွဲ, နွား စသည်တို့ဖြင့် လွန်စွာမေ့လျော့၍ အထူးထူးအထွေထွေ ကပ်ငြိသောစိတ်ရှိသည့် ထိုသတ္တဝါဘို့ကိုဆွဲငင်ယူဆောင်၍ သွားလေ၏။

ဓာဂါထာအကြိမ်

WWW.DHAMMARANSI.COM


ဂါထာတော်၏ အဆုံး၌ ကိသာဂေါတမီသည် သောတာပတ္တိဖိုလ်၌တည်၏။ အခြား များစွာသော သူတို့သည်လည်း သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

ထိုကိသာဂေါတမီသည် မြတ်စွာဘုရားထံ ရဟန်းအဖြစ် တောင်းပန်၏၊ မြတ်စွာဘုရားသည် ကိသာဂေါတမီကို ဘိက္ခုနီမ တို့ထံသို့ စေလွှတ်၍ရဟန်းပြုစေ၏။

ကိသာဂေါတမီထေရီဟု ထင်ရှား၏။

## ရဟန္တာဖြစ်ခြင်း

ကိသာဂေါတမီ ထေရီသည် ဝိပဿနာတရားကို ပွားများ ကြိုးကုတ်အားထုတ်၏။

တနေ့တွင် အလှည့်ကျ၍ ဥပုသ်အိမ် သိမ်အပြင်၌ ဆီမီး ထွန်းရာမှ ဆီမီးတောက်ကို ကြည့်ရှုကာထိုင်နေယင်း ဖြစ်ခြင်း, ပျက်ခြင်းတို့ကိုမြင်လျှင်...

"ဤဆီမီးအလျှံတို့သည်ဖြစ်၍ဖြစ်၍ ပျက်၍ပျက်၍နေကြ၏။ ထို့အတူပင် သတ္တဝါတို့သည် ဖြစ်လည်းဖြစ်ကြ၍ ပျက်လည်း ပျက်ကြရ၏။ နိဗ္ဗာန်သို့ရောက်သူများသာ မထင်ပဲရှိကြကုန်၏" ဟု အာရုံနိမိတ်ကို ယူလေ၏။

မြတ်စွာဘုရားရှင်သည် ဂန္ဓကုဋိကျောင်းတော်ဝယ် ထိုင်နေ တော်မူယင်းကပင် ရောင်ခြည်တော်ကိုဖြန့်လွှတ်၍ ကိသာဂေါ တမီ၏ မျက်မှောက်၌နေတော်မူ၍ ဟောတော်မူသကဲ့သို့ပင်....

"ချစ်သမီးဂေါတမီ။ ။ချစ်သမီး စဉ်းစားမိသည့် အတိုင်း မှန်လှပေ၏၊ သတ္တဝါတို့သည် ဤဆီမီးအလျှံ ကဲ့သို့ ဖြစ်လည်းဖြစ်ကြ၏။ ချုပ်လည်းချုပ်ကြကုန်၏။ တကိုယအကြိမ်

နိဗ္ဗာန်သို့ရောက်ကြသူများသာ မထင်ပဲရှိကြကုန်၏။ ဤသို့နိဗ္ဗာန်တရားကို မဂ်ဉာဏ်,ဖိုလ်ဉာဏ်ဖြင့် မမြင်ရသူတို့၏ အနှစ်တရာ အသက်ရှင်ရခြင်းထက်၊ နိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့်မြင်ရသောသူ၏တရက်မျှ အသက်ရှင်ရခြင်းက မြတ်လှပေ၏''ဟု စကားဆက်ပြီး ဤဂါထာကို ဟောတော်မူ၏။

၁၁၄။ ယော စ ဝဿသတံဇီဝေ၊ အပဿံ အမတံ ပဒံ။
ဧကာဟံ ဇီဝိတံသေယျော၊
ပဿ တော အမတံ ပဒံ။

၁၁၄။ သေခြင်းကင်းသော နိဗ္ဗာန်ကို မမြင်ပဲ အနှစ်တရာ ပတ်သုံး အသက်ရှည်ရခြင်းထက်၊ သေခြင်းကင်းသော နိဗ္ဗာန်ကို မြင်သောပုဂ္ဂိုလ်၏ တရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

ဟူ၍ဟောတော်မူသောအဆုံး၌ ကိသာဂေါတမီ ထေရီသည် အာသဝေါကုန်ခန်း ရဟန္တာထေရီမ ဖြစ်လေ၏။ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ အရဟတ္တဖိုလ်၌ တည်လေ၏။

(ဓမ္မပဒ သဟဿဝဂ် ၁၃–ကိသာဂေါတမီဝတ္ထု)

## သိကြားမင်း၏အမေးကို ဖြေကြားတော်မူခြင်း

(ဓမ္မပဒ ဗြာဟ္မဏဝဂ် ၁၂·ကိသာဂေါတမီဝတ္ထုမှ)

တနေ့တွင် မြတ်စွာဘုရားရှင်သည် ''ဂိဇ္ဈကုဋ်'' တောင်၌ သီတင်းသုံးတော်မူစဉ် သိကြားမင်းသည် နတ်ပရိသတ်နှင့်တကွ ရှင်တော်ဘုရားထံ ဝင်ရောက်၍ တရားစကားများ နာကြားနေ၏။

တတိယအကြိမ်

WWW.DHAMMARANSI.COM


ထိုအခါ ကိသာဂေါတမီ ထေရီသည် မြတ်စွာဘုရားအား ဖူးမြင်ရန် ကျောင်းကင်ခရီးမှ ဈာန်ယာဉ်ဖြင့် ကြွလာတော်မူရာ သိကြားမင်းနှင့် နတ်ပရိသတ်တို့ကိုမြင်၍ မဝင်တော့ပဲ ပြန်သွားလေ၏။

သိကြားမင်းကမြင်လေရာ....

"အရှင်ဘုရား၊ ကောင်းကင်မှ ကြွလာပြီး အရှင်ဘုရားကို ဖူးမြင်၍ ပြန်သွားသည့်ဘိက္ခုနီမသည် အဘယ်ပုဂ္ဂိုလ်ခေါ်ပါ သလဲဘုရား"

"သိကြားမင်း ။ ဤဘိက္ခုနီကား ပံ့သကူ သင်္ကန်းကို ဆင်မြန်းသည့်ထေရီတို့တွင်အမြတ်ဆုံးဖြစ်သော ငါ၏သမီးတော် ကြီး ကိသာဂေါတမီဖြစ်ပေသည်"ဟုမိန့်ကြားတော်မူပြီး....

၃၉၅။ ပံသုကူလဓရံ ဇန္တုံ၊ ကိသံ ဓမနိသန္ထတံ။
ဧကံ ဝနသ္မိံ ဈာယန္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

၃၉၅။ ပံ့သကူသင်္ကန်းကို ဆောင်သော ကြုံလှီ၍အကြော ပြိုင်းပြိုင်းထသော တယောက်တည်း တောထဲ၌ ဈာန်ဝင်စား လေ့ရှိသောပုဂ္ဂိုလ်ကို (မကောင်းမှုကို အကုန်ပယ်၍ စင်ကြယ် မြင့်မြတ်သော) ဗြဟ္မဏဟု ငါဘုရားဟော၏။ ။ဟူ၍ ဟော ကြားတော်မူ၏။

## ကိသာဂေါတမီ၏
## အတိတ်ဇာတ်ကြောင်းရှေးဆုတောင်းများကား

ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်ဝယ် ပဒုမုတ္တရမြတ်စွာ ဘုရားပွင့်တော်မူသည်တွင် ဟံသာဝတီမြို့တွင် မထင်မရှားအမျိုး

WWW.DHAMMARANSI.COM



သမီးတယောက်သည် မြတ်စွာဘုရားကို ဆည်းကပ်ကိုးကွယ်၍ ကျောင်းတော်တွင် တရားတော်ကို မပြတ်နာကြား၏။

တနေ့တွင် မြတ်စွာဘုရားသခင်က (ခေါင်းပါးသောသက်န်းကို ဆောင်လေ့ရှိသောရဟန်းမကို တေဒဂ်အရာ၌ ထား၍ချီးကျူးတော်မူသည်ကို) ကြားသိမြင်တွေ့ရလေလျှင် များစွာအားကျလှသဖြင့် စွမ်းအားအလျောက် လှူဖွယ်ဝတ္ထုများ လှူဒါန်းကာ မြတ်စွာဘုရားကို ဦးတိုက်၍ ထိုဧတဒဂ် ဘွဲ့ထူးကို ပန်ဆင်၏။ မြတ်စွာဘုရားသည် ဧတဒဂ်ရာထူးအတွက် ဤကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ပွင့်တော်မူသော ဂေါတမ မြတ်စွာဘုရားလက်ထက်တွင် အသင်၏ဆုတောင်း ပြည့်လတ္တံ့ဟူ၍ ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

မထင်ရှားသောအမျိုးသမီးသည် ဝမ်းမြောက်စွာ အသက်ထက်ဆုံး ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေးလျက် ဤဘဝမှ စုတေသော် တာဝတိံသာဘုံသို့ ရောက်ရ၏။

## ကဿပဘုရားရှင်လက်ထက်

ဤဘဒ္ဒကမ္ဘာ၌ ကဿပဘုရားရှင် ပွင့်တော်မူလျှင် ဗာရာဏသီပြည်၌ မြတ်စွာဘုရားရှင်၏ အလုပ်အကျွေးဖြစ်သော ကိကီမင်းကြီး၏ သမီးတော် ခုနစ်ဖော်တွင် "ဓမ္မာ" အမည်ရှိ ပဉ္စမမြောက် သမီးတော်ဖြစ်ခဲ့၏။ သမီးတော် ခုနစ်ယောက်တို့သည် ခမည်းတော်ထံရဟန်းပြုခွင့်တောင်းကြရာ ခမည်းတော်မင်းကြီးက ခွင့်မပြုသဖြင့် အနှစ် နှစ်သောင်း သက်တမ်းတလျှောက်လုံး အပျိုစင်ဘဝဖြင့် ကောမာရီဗြဟ္မစရိယအကျင့်ကို ကျင့်သုံးလျက် နေကြ၏။

WWW.DHAMMARANSI.COM



ဤကောင်းမှုကံ စေတနာတို့ကြောင့် နတ်ပြည်လူ့ပြည်တို့၌ ကျင်လည်ခဲ့ရပြီး ဂေါတမဘုရားရှင် ပွင့်တော်မူသောကာလတွင် 'ကိသာဂေါတမီ'အမည်ဖြင့် ဖြစ်လာပြီး သားသေကိုအကြောင်းပြုကာ ဘုရားရှင်တော်မှောက် ရောက်၍ တရားရကာ ရဟန္တာထေရီမအဖြစ် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့လေ၏။

## ဧတဒဂ်ဘွဲ့ထူးရခြင်း

ကိသာဂေါတမီထေရီသည် ရှေးဆုတောင်းအတိုင်း''ခေါ်င်းပါးသောသင်္ကန်း''ကိုသုံးဆောင်၍အထွတ်အထိပ်ရောက်အောင်ကျင့်လေ၏။

ထို့ကြောင့် မြတ်စွာဘုရားသခင်သည် ဘိက္ခုနီမ တို့အား အစဉ်အတိုင်း ဧတဒဂ်ရာထူးဌာနန္တရထားတော်မူရာတွင် ကိသာဂေါတမီအား....

''ရဟန်းတို့။ ။ငါ၏ ဘိက္ခုနီမ များစွာတို့တွင် ကိသာဂေါတမီသည် (သုံးမျိုးသောအခြင်းအရာအားဖြင့် ခေါ်င်းပါးညံ့ဖျင်းသောသင်္ကန်းကို ဝတ်ရုံဆင်မြန်းရာ၌)အသာဆုံး အမြတ်ဆုံးဖြစ်ပေ၏''ဟု ချီးကျူးမိန့်မြွက်တော်မူကာ ''လူခစီဝရဓရ ဧတဒဂ်'' ရာထူး၌ ထားတော်မူလေသည်။

WWW.DHAMMARANSI.COM

ကိုကိုမင်းကြီး၏ သမီးတော် ခုနစ်ဖော်မှ

ဆဋ္ဌမမြောက် သမီးတော်'သုဓမ္မာ'မင်းသမီးသည်

ဂေါတမဘုရားရှင်လက်ထက်တွင်

တရားဟောရာတွင် အသာဆုံးအမြတ်ဆုံးဘွဲ့ထူးရ

# ဓမ္မကထိကဧတဒဂ်

# ဓမ္မဒိန္နာထေရီဝတ္ထု

''အကြင်ပုဂ္ဂိုလ်အား အတီတခန္ဓာ၌လည်းကောင်း၊ အနာဂတ်ခန္ဓာ၌လည်းကောင်း၊ ပစ္စုပ္ပန်ခန္ဓာ၌လည်းကောင်း ကြောင့်ကြမှုမရှိ။

ကြောင့်ကြမှုမရှိသောစွဲလမ်းမှုကင်းသောထိုပုဂ္ဂိုလ်ကို (မကောင်းမှုကို အကုန်ပယ်၍ စင်ကြယ်မြင့်မြတ်သော) ဗြဟ္မဏာဟု ငါဘုရားဟော၏''။ ။

တတိယအကြိမ်

WWW.DHAMMARANSI.COM



## ဓမ္မဒိန္နာ၏ ရှေးဆုတောင်း

လွန်ခဲ့သော ကမ္ဘာတသိန်းထက် ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်ကပင် ဗျာဒိတ်တော်ပန်ဆင်ခဲ့သည်။

ဖုဿမြတ်စွာဘုရား လက်ထက်တော်တွင် အလှူရဲရင့်ခဲ့သည်။

ကဿပဘုရားရှင်လက်ထက်တော်တွင် ကိကီမင်းကြီး၏သမီးတော် ခုနစ်ယောက်အနက် ခြောက်ယောက်မြောက် "သုဓမ္မာ မင်းသမီးဖြစ်၍ အနှစ် နှစ်သောင်း အပျိုစင်ဘဝဖြင့် မြတ်သော အကျင့်ကိုကျင့်ခဲ့၏။ ကမ္ဘာတသိန်းကာလပတ်လုံး လူ့ ဘုံနတ်ဘုံ ကျင်လည်ခဲ့ရသည်။ (ဤသို့ ဘဝအထွေထွေ မှတ်သားဖွယ်ရာများကို ရဟန္တာထေရီမ ဖြစ်တော်မူပြီးသည့်နောက် မြတ်စွာဘုရားသခင်ရှေ့မှောက်၌ကျူးရင့်တော်မူသော ထေရီအပဒါန်၌ ထင်ရှားစွာ ဖတ်ရှုတော်မူကြပါကုန်။)

★

WWW.DHAMMARANSI.COM



## နောက်ဆုံးဘဝတွင်

ဂေါတမဘုရားရှင်လက်ထက်တော်၌ ရာဇဂြိုဟ်ပြည်ကြီးဝယ် ကုဋေရှစ်ဆယ်ကြွယ်ဝသော သဌေးသမီး ဓမ္မဒိန္နာဟူ၍ ဖြစ်လာ၏။ ရှေးရှေးဆုတောင်း ကောင်းမှုကံ အကျိုးပေးတို့ကြောင့် အလှ္ဝန် အဆင်းလှကြောင်း မာဂဓတတိုင်းလုံး ကျော်ကြားလေသည်။ များစွာသော သဌေးသားအပေါင်းက လက်ဆောင်ပဏ္ဏာများ ပေးပို့စေလွှတ်ကာ လက်ထပ်ခွင့် တောင်းကြသည်။

ဗိမ္ဗိသာရမင်းကြီးကငယ်စဉ်တက္ကသိုလ်တွင်ပညာသင်ဖက်မိတ်ဆွေ ဝိသာခသဌေးနှင့်ဓမ္မဒိန္နာကို ကိုယ်တိုင်လက်ထပ်ပေးခဲ့သည်။

WWW.DHAMMARANSI.COM



# အနာဂါမိဝိသာခသဌေး

ဂေါတမဘုရားရှင် လက်ထက် ရာဇဂြိုဟ်ပြည်သည် သဌေးအလွန်ပေါသောတိုင်းပြည်ဖြစ်သည်။

မြတ်စွာ ဘုရား သခင် သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ပြာသိုလပြည့်နေ့ ရာဇဂြိုဟ်ပြည်သို့ ပထမဦးဆုံး ကြွတော်မူစဉ် ဝိသာခ သဌေးသည် ဗိမ္ဗိသာရမင်းကြီးနှင့်အတူ သွားရောက်တရားနာရာမှ သောတာပန်အဖြစ် ရောက်ခဲ့သည်။

(သောတာပန်ဆိုသည်မှာ ကာမတဏှာကိုမခွာနိုင်သေး၊အိမ်ထောင်ရေးကို လက်မလွှတ်နိုင်ကြသေးပါ။ ။မှတ်ချက်)

ဝိသာခသဌေးသည် သောတာပန်ဖြစ်သည့်အလျောက် မြတ်စွာဘုရားကျောင်းတော်သို့ မပြတ်တရားနာသွားသည်။ ဓမ္မဒိန္နာကမူ စည်းစိမ်ချမ်းသာများခံစားပြီး အလှပြင်၍ အားမရသေးသဖြင့် ဝိသာခသဌေးက အကြိမ်ကြိမ်ခေါ်သော်လည်း ကျောင်းတော်သို့ မလိုက်ပေ။ ဝိသာခသဌေးသည် တရားနာယင်း တရားတော်နှင့်အသိဉာဏ် အခန့်သင့်စွာ ပဏာရပြီး ဉာဏ်အမြင် ပွင့်လင်းကာ သကဒါဂါမိဖိုလ်မှ နောက်တနေ့ တဆင့်တက်ကာ အနာဂါမိဖိုလ်၌ တည်လေ၏။

အနာဂါမိဖိုလ်သို့ ရောက်လေသော် “ငါသည် ဥစ္စာပစ္စည်းအားလုံးကို ဓမ္မဒိန္နာအား လွှဲအပ်မည်”ဟု ကြံစည်လေ၏။

(တရားများများနာယင်း ဉာဏ်အမြင်ပွင့်ခိုက်နှင့် ကြုံကြိုက်လျှင် တရားထူးရဘတ်ပုံမှာ သတိပြုစရာကောင်းလှသည်။)

ဒုတိယအကြိမ်

WWW.DHAMMARANSI.COM

အနုဂ္ဂါနဝိဿာခသင်္ချေ



၉/၁၈

တတိယအကြိမ်

WWW.DHAMMARANSI.COM



(ဝိသာခသဌေးသည် ဗိမ္ဗိသာရမင်း တည်းဟူသော မိတ်ဆွေကောင်းနှင့် ပေါင်းဖက်မိ၍ ဘုရားတရားတော် နာကြားရပြီးသောတာပန်မှ အနာဂါမ် အရိယာအထိ ဖြစ်ရပုံမှာ လည်း မိတ်ဆွေကောင်း လိုအပ်ကြောင်း သတိပြုအပ်ပေသည်။)

## လင်နှင့် မယား ဝတ္တရား

ဓမ္မဒိန္နာ၏ နေ့စဉ် အလုပ်မှာ ဝိသာခသဌေး ပြန်ချိန်တွင် လေသာပြတင်းတံခါးမှ လမ်းမကိုသာမျှော်နေတတ်သည်။ လင်တော်မောင်ရထားနှင့်ပြန်လာလျှင် ပြတင်းပေါက်မှလက်မြှောက်ကာ အစွမ်းကုန်ပြုံး၍ နှုတ်ဆက်သည်။ ဝိသာခသဌေးကလည်း ချစ်မယားကလေးအား ပြန်လည်ပြုံးပြကာ လက်မြှောက်၍ နှုတ်ဆက်တတ်လေသည်။

ထိုနေ့မှာမူပြတင်းမှ ကြိုနေရသူကလက်ပြသော်လည်းဝိသာခသဌေးမှာ အလွန်ငြိမ်သက်သော ဣန္ဒြေဖြင့် ဓမ္မဒိန္နာကိုမကြည့်ပဲ သာလျှင် လာလေ၏။ "ဘယ်လိုဖြစ်ပါလိမ့်" ဟု ဓမ္မဒိန္နာသည် စဉ်းစား၏။ "ရှိစေဦး၊ ထမင်းစားချိန်ကျမှ သိရမည်" ဟု စောင့်စား၏။

ထမင်းစားချိန်၌ ထမင်းကို အနီးသို့ ပို့စေ၏။

ထိုအခါ ဝိသာခသည် အခြားနေ့တို့၌ ဓမ္မဒိန္နာအား....

"လာပါ၊ အတူစားကြမယ်" ဟု ခေါ်လေ့ရှိ၏။

ယနေ့မှာကား စကားမပြောပဲစား၏။ ဓမ္မဒိန္နာက "တခုခုကြောင့် စိတ်ဆိုးနေတာပဲ" ဟု ထင်မိ၏။

ဝိသာခ ဒါယကာသည် ချမ်းချမ်းသာသာနေသော အချိန် ဓမ္မဒိန္နာအား ခေါ်၍....

တတိယအကြိမ်

WWW.DHAMMARANSI.COM


"ဓမ္မဒိန္န၊ ငါသည် မြတ်စွာဘုရား၏ တရားတော်ကို နာကြားယင်းက လောကုတ္တရာတရားကို ရရှိသိမြင်ခဲ့ရပြီ။ လောကီအမှု အပြုအမူများနှင့် မသင့်တော့ပါ။ ဓမ္မဒိန္နာသည်သာလျှင် ဤအိမ်၌ရှိသော ဥစ္စာပစ္စည်းအားလုံးကို သိမ်းပိုက်ပါလော့"ဟု ဆို၏။

ဓမ္မဒိန္နာသည်အနာဂါမ်သဌေးကြီး၏ စကားကိုကြားရလျှင် ဒေါသစိတ် ဝင်လာသော်လည်း ပါရမီရှင်ကြီးတဦး ဖြစ်သည့်အလျောက် ချက်ချင်းပင် ဒေါသ သိမ်းကာ အကြံတမျိုးပေါ်ပေါက်သည့်အလျောက် သူစွန့်အပ်သောတံတွေးပေါက်ကို မည်သူလက်ခံပါမည်နည်း၊ ငါလည်း ရဟန်းပြုခွင့် တောင်းမည်ဟု ကြံစည်လေ၏။

## ဓမ္မဒိန္နာ၏ ပွန်မြတ်သော မာန

ဓမ္မဒိန္နာက....

"အရှင်သဌေးမင်း ရရှိသည့် လောကုတ္တရာတရားကို မိန်းမများလည်း မရနိုင်ဘူးလား"

"ရနိုင်ပါတယ်၊အားထုတ်တဲ့သူတိုင်း မင်္ဂဖိုလ်ရဲ့ အကြောင်းခံ ရှေးကုသိုလ် ရှိသူတိုင်း လောကုတ္တရာတရားကို ရယူနိုင်ကြပါတယ်"

"ဒီလိုဆိုလျှင် ဒီခန္ဓာကိုယ် အပုပ်ကောင်ကြီးနဲ့ ကာမရာဂ စရိုက်အလိုလိုက် နှစ်ခြိုက်ခုံမင်ပြီး ဒီအိမ်ကြီးပေါ်မှာ နေရမှာ ကိုယ့်လိပ်ပြာကိုယ် ရှက်လှပါတယ်။ ကျွန်တော်မအား ဘိက္ခုနီမ ရဟန်းပြုခွင့်ပေးစေချင်ပါတယ်"

WWW.DHAMMARANSI.COM


ဝိသာခသဌေးမှာ ဓမ္မဒိန္နာတကယ်ပင် ရဟန်းပြုရန် စိတ်ထက်သန်နေကြောင်းသိရလျှင် အလွန်ပင်ဝမ်းသာသွားရှာသည်။

ဗိမ္ဗိသာရမင်းကြီးထံသွားရောက်၍ ဓမ္မဒိန္နာသဌေးမ ရဟန်းပြုမည့်အကြောင်း လျှောက်ထားလေလျှင် မင်းကြီးမှာလည်း များစွာအားတက်လျက်မိမိပါ ပါဝင်ချီးမြှောက်မည့်အကြောင်း မိန့်ကြားလေ၏။

## ကြီးကျယ်လှသော ရဟန်းပြုပွဲကြီး

အချောအလှတွင်နာမည်ကြီးလှသောဓမ္မဒိန္နာသည်လင်တော်မောင် ပေးအပ်သော ကုဋေရှစ်ဆယ်ကို စွန့်ပယ်၍ ရဟန်းမ ပြုတော့မည့်အကြောင်း၊ ဗိမ္ဗိသာရမင်းကြီးကိုယ်တိုင် ကျောင်းတော်သို့ အခမ်းအနားဖြင့် ပို့ဆောင်မည့် အကြောင်းတို့မှာ ရာဇဂြိုဟ်တမြို့လုံး ပြော၍ မဆုံးနိုင်သော သတင်းဖြစ်နေ၏။

ဝိသာခ သဌေးကလည်း များစွာသော ပစ္စည်းဥစ္စာတို့ဖြင့် အလှူပွဲကြီးကိုကျင်းပပြီး ဗိမ္ဗိသာရမင်းကြီးကိုယ်တိုင်သားတော်သမီးတော်၊ မှူးတော်မတ်တော်တို့ကိုပါလိုက်စေလျက် စစ်အင်္ဂါ လေးပါးဆင်ယင်ပြီး မင်းကြီးနှင့် ဝိသာခသဌေးတို့ ရှေ့ဆောင်ကာ ဓမ္မဒိန္နာအား ရတနာ ခုနစ်ပါး ခြယ်လှယ်ထားသည့် ရွှေထမ်းစင်ပေါ်၌တင်ပြီး ရာဇဂြိုဟ်မြို့ကြီးကိုလှည့်လည်၍ ကျောင်းတော်သို့ ပို့ဆောင်ကြလေသည်။

မင်းကြီးကိုယ်တိုင် ရှေ့ဆောင်သဖြင့် တမြို့လုံးရှိ သဌေးသူကြွယ်မှစ၍ တိုင်းသူပြည်သားများပါ ပါဝင်ပို့ဆောင်ကြရာ အလွန့်အလွန် ခမ်းနားကြီးကျယ်လှသော ရဟန်းပြုပွဲကြီး ဖြစ်တော့သည်။

## ဘိက္ခုနီမ ဦးရေ တိုးပွားလာခြင်း

ဓမ္မဒိန္နာရဟန်းမ ပြုသော သတင်းကြီးမှာ မဇ္ဈိမတနိုင်ငံလုံး ကျော်စော သွားလေသည်။ လာရောက် ဖူးမြင်ကြသည်မှာ ပရိသတ်မစဲပေ၊ သဒ္ဓေးမဘာဝတွင် လူတိုင်းမြင်ခွင့်မရကြ၊ သက်န်း ဝတ်တော့မှ ဖူးခွင့်ရကြသဖြင့် ချောကြောင်းလှကြောင်းမှာ ပို၍ ပြောလာကြသည်။ ပြောလာလေ ဖူးမြင်သူ များလေဖြစ်ပြီး လှူဖွယ်ဝတ္ထုများ ဘိက္ခုနီမကျောင်းတွင် တောင်လိုပုံနေသည်။ ဓမ္မဒိန္နာကို ကြည်ညိုအားကျပြီး အမျိုးသမီးအများအပြား လူ့ဘောင်စွန့်၍ ရဟန်းပြုကြသည်။

## ရဟန္တာမ အဖြစ်သို့

ပရိသတ်လာလွန်းသဖြင့် ဓမ္မဒိန္နာထေရီမှာ တရားအားထုတ် ချိန်မရနိုင်တော့သဖြင့် ဥပဇ္ဈာယ်ဆရာကြီးထံဆိတ်ငြိမ်ခေါင်းပါး လူအများနှင့် မဆက်ဆံသည့် တောရွာ ကလေးသို့ သွားပြီး တရားအားထုတ်လိုကြောင်းလျှောက်ထားရာ ခွင့်ပြုချက်ရသဖြင့် ဥပဇ္ဈာယ်ဆရာ ဘိက္ခုနီအမှူးပြု၍ အဖော် ဘိက္ခုနီမများနှင့် တကွ ဝေးကွာသောတောရွာကလေးကိုအမှီပြု၍တောကျောင်း ကလေးတခုကိုမှီတင်းပြီး တရားအားထုတ်လေရာ (ရှေးလွန်လေ ပြီးသောအခါက သင်္ခါရတရားတို့ကို ဉာဏ်ပညာဖြင့် ကြိတ်ချေ သုံးသပ်ခဲ့ဖူးသည့် အထောက်အပံ့များကြောင့်) မကြာမြင့်မီပင် လျှင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက် ကာ ပဋိသမ္ဘိဒါပတ္တရဟန္တာမအဖြစ်သို့ ရောက်လေ၏။

တကိုယ်အကြိမ်

WWW.DHAMMARANSI.COM



ဏကိုယာအကြိမ်

WWW.DHAMMARANSI.COM


## ဓမ္မဒိန္နာအား အနာဂါမ်ပြဿနာ မေးပုံ

ရဟန္တာ အဖြစ်သို့ ရောက်ပြီးလျှင် ငါ၏ ရဟန်းကိစ္စကား အထွတ်အထိပ်သို့ ရောက်ခဲ့လေပြီ။ သတ္တဝါတို့၏ အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ရန်ရာဇဂြိုဟ်ပြည်သို့ပြန်ပြီးဘုရားရှင်ထံမှာ သာသနာ ပြန့်ပွားမည့်အလုပ်ကို လုပ်တော့မည်ဟု စိတ်ကူး၍ ရာဇဂြိုဟ်ပြည်သို့ ဥပဇ္ဈာယ်ဆရာတို့နှင့်အတူ ပြန်ခဲ့ကြလေ၏။

ဓမ္မဒိန္နာထေရီ ရာဇဂြိုဟ်ပြည်သို့ ပြန်လာပြီဟူသော သတင်းမှာ တမြို့လုံးပျံ့နှံ့၍သွားလေရာ၊ ဝိသာခ သဌေးကြီးမှာ...

"အဘယ်အကြောင်းကြောင့် ပြန်လာသနည်း" ဟုဘိက္ခုနီကျောင်းသို့ သွားရောက်ကာ ဓမ္မဒိန္နာအား ရှိသေစွာ ရှိခိုး၍ အကဲခတ်လေ၏။

ဣန္ဒြေသိက္ခာကြီးမားစွာဖြင့် မြင်ရသည့်အခါ တရားအထူးများ ရလာဟန်ရှိသည်ဟု သိ၍ အရိယာပုဂ္ဂိုလ်တို့သာ ဖြေဆိုနိုင်သည့် မဂ်ပုစ္ဆာ, ဖိုလ်ပုစ္ဆာတို့ကို မေး၏။

ဓမ္မဒိန္နာရဟန္တာမထေရ်မသည် မေးတိုင်း,မေးတိုင်း ပြဿနာတို့ကိုသန်လျက်ဖြင့် ကြာရိုးကိုဖြတ်သကဲ့သို့ မဆုတ်မဆိုင်းဖြေဆိုလေ၏။

အနာဂါမ်နှင့်ဆိုင်သော ပြဿနာများကို ဖြေဆိုနိုင်သဖြင့် တဆင့်တက်၍ အရဟတ္တဖိုလ်နှင့် ဆိုင်သော ပြဿနာများကို မေးပြန်လေရာ ..

ဝိသာခမှာ အနာဂါမ်မျှသာ ဖြစ်သေရာ (မိမိသိရှိပြီးသည့် မေးသင့်သည့်နယ်ပယ်ကို ကျော်လွန်လာသဖြင့်) ဓမ္မဒိန္နာသည် စူဠဝေဒလ္လသုတ္တန်ကြီးကို ဟောကြားတော်မူလေသည်။

WWW.DHAMMARANSI.COM



ဤသုတ္တန်ကြီးကို ဟောကြားတော်မူသော ကြောင့် လည်း မြတ်စွာဘုရား၏ နှုတ်မြွက် ချီးကျူးတော်မူခြင်းခံရပြီး ဓမ္မဒိန္နာ အရှင်မ၏ ဂုဏ်သတင်းမှာ သာသနာတော် တည်ရှိနေသမျှ ထွန်းတောက်၍သာ နေပေတော့မည်။

တရားတော်ကို ဟောကြားပြီး ဓမ္မဒိန္နာအရှင်မက....

"ဒါယကာဝိသာခ၊ ဤတရားအချက်နှင့်ပတ်သက်၍နှစ်သက် တင်းတိမ်ခြင်း မရှိသေးပါလျှင် မြတ်စွာဘုရားသခင်ထံ ထပ်မံ မေးလျှောက်လေဦးလော့"ဟု မိန့်တော်မူပြီး ဆက်လက်စကား မပြောတော့ပဲ နေလေ၏။

ဝိသာခ အနာဂါမ် ပုဂ္ဂိုလ်ကြီးမှာ ဓမ္မဒိန္နာ အရှင်မအား လက်ယာရစ် သုံးပတ်လှည့်ရှိခိုးကာ မြတ်စွာဘုရားအထံတော်သို့ သွားလေ၏။

## မြတ်စွာဘုရား ချီးကျူးတော်မူခြင်း

ဝိသာခသဌေးသည် မြတ်စွာဘုရားထံ ဓမ္မဒိန္နာထေရီမအား မိမိက မေးပုံ၊ ဖြေကြားပုံ အလုံးစုံကို လျှောက်ကြားရာ—

ဘုရားသခင်က....

"ငါ၏သမီးတော် ဓမ္မဒိန္နာသည် ကောင်းစွာ ဖြေဆိုခဲ့ပေပြီ၊ ငါဘုရားသည် ထိုပြဿနာကို ဖြေဆိုရသည်ရှိသော် ငါ၏သမီး ဖြေဆိုတော်မူသည့်အတိုင်းပင် ဖြေဆိုပေရာ၏"ဟု

မိန့်တော်မူကာ တရားဟောတော်မူလို၍ ဤ ဂါထာကို မိန့်တော်မူလေ၏။

၄၂၂။ ယဿ ပုရေ စ ပစ္ဆာ စ၊ မဇ္ဈေ စ နတ္ထိ ကိဉ္စနံ၊
အကိဉ္စနံ အနာဒါနံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။
ဓမ္မပဒအဋ္ဌကထာ

WWW.DHAMMARANSI.COM



၄၂၂။ အကြင်ပုဂ္ဂိုလ်အား အတိတ်ခန္ဓာ၌လည်းကောင်း၊ အနာဂတ်ခန္ဓာ၌လည်းကောင်း၊ ပစ္စုပ္ပန်ခန္ဓာ၌လည်းကောင်း ကြောင့်ကြမှု မရှိသော စွဲလမ်းမှုကင်းသော ထိုပုဂ္ဂိုလ်ကို မြတ်စွာဗြာဟ္မဏဟု ငါဘုရား ဟော၏။

ဒေသနာ ဆုံးလတ်သော် များစွာသောသူတို့ သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

## ထပ်မံချီးကျူး ခံရပြန်ခြင်း

ထို့နောက်မှ မြတ်စွာဘုရားရှင်သည် ဓမ္မဒိန္နာ ထေရီအား သာဓုကောင်းချီး ပေးတော်မူပြန်ပြီးလျှင်...

"ဒါယကာဝိသာခ၊ ဓမ္မဒိန္နာထေရီမသည် ပညာရှိ၏။ ဒါယကာ ဝိသာခ၊ ဓမ္မဒိန္နာထေရီမသည် များမြတ်သော ပညာရှိ၏။

ဒါယကာဝိသာခ၊ ငါဘုရားကိုအကယ်၍ ထိုအနက်သဘောကို သင် မေးမြန်းလျှင် ငါဘုရားသည်လည်း ထိုအနက်သဘောကို ဓမ္မဒိန္နာဖြေကြားလိုက်သကဲ့သို့ပင် ဖြေကြားမည်ဖြစ်၏။"

## တရားဟောကောင်းလှ၏

ဓမ္မဒိန္နာ ရဟန္တာအရှင်မသည် ရာဇဂြိုဟ်ပြည် ဘိက္ခုနီမကျောင်းတိုက်ကြီးအတွင်း သီတင်းသုံးနေစဉ်အခါ ပရိသတ်တို့အား အမြတ်တရားများအမြဲမပြတ်ဟောကြား၏။ အပျိုအရွယ်ကလေးများပင် ရဟန်းအဖြစ် ခွင့်တောင်းပြီး ဘိက္ခုနီမလုပ်ကြ၏၊ ရဟန်းဘောင်ရောက်ကြသည့် အချို့သမီးများ ရေတွက်၍ပင် မရနိုင်ကြလောက်အောင် များပြား၏။

WWW.DHAMMARANSI.COM


## တေဒဂ်ဘွဲ့ထူးရရှိခြင်း

မြတ်စွာဘုရားသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ အစဉ်အတိုင်း ဘိက္ခုနီမတို့ကို ဧတဒဂ်ဌာနန္တရ၌ ထားတော်မူရာတွင် ဓမ္မဒိန္နာထေရီအား ဤသာသနာတော်၌–

"ရဟန်းတို့ (တရားဟောခြင်း၌လိမ္မာကြသည့်) ငါဘုရား၏ တပည့်မ သာဝိကာ ဘိက္ခုနီမတို့တွင် ဓမ္မဒိန္နာသည် အသာဆုံး, အမြတ်ဆုံးဖြစ်ပေ၏''ဟု ချီးကျူးမိန့်မြွက်(ဓမ္မကထိကဧတဒဂ်) အရာ ထားတော်မူလေ၏။

## ဆွမ်းခံဝတ်ကို မလွှတ်ကြ

အလွန့်အလွန် ချမ်းသာကြွယ်ဝသော သဌေးမမှ ရဟန်းမ အဖြစ်ရောက်၍တကြောင်း၊ တရားဟောကောင်း၍တကြောင်း၊ ကြည်ညိုသူများ၍တကြောင်း လှူဒါန်းကြသည့် ပစ္စည်းလာဘ် လာဘမှာ တကျောင်းလုံးရှိ ဘိက္ခုနီမအပေါင်းပင် သုံးစွဲ၍ မကုန်နိုင်အောင် ရှိနေပေ၏။

မည်မျှပင် လာဘ်လာဘပေါများသောပုဂ္ဂိုလ်၊ ဘုန်းတန်ခိုး ကြီးကြသောပုဂ္ဂိုလ်၊ရဟန္တာဖြစ်ကြသောပုဂ္ဂိုလ်တို့ပင်ဖြစ်နေကြစေကာမူ ဆွမ်းခံဝတ်ကိုမလွှတ်ကြ၊ ရှင်တော်ဘုရား ကိုယ်တော်တိုင်ပင် ဆွမ်းခံ၍ မျှတတော်မူသည်။ ဆွမ်းခံဝတ်ကို ချီးမွမ်းတော်မူသည်။

ဓမ္မဒိန္နာထေရီသည်လည်း ရာဇဂြိုဟ်ပြည်တွင်းသို့ အမြဲမပြတ် ဆွမ်းခံ လှည့်လည်တော်မူသည်။ သို့သော် ယခင် နေခဲ့ဖူးသော အိမ်ရှိရာလမ်းကိုပင် ကြွတော်မမူ။

အနာဂါမ်သဌေးကြီးက ကြွစေချင်၏။ မျှော်၏။

WWW.DHAMMARANSI.COM



ကြွတော်မမူခြင်းမှာ ပုထုဇဉ်များ အနေနှင့် အိမ်သို့ဆွမ်းခံကြွရောက်ခြင်းကို ထင်ရာအပြစ်ပြောပြီး ငရဲသို့မလားစေလိုသော ဆန္ဒကြောင့်ပင် ဖြစ်၏။

တနေ့ ဝိသာခသဋ္ဌေး ဓမ္မဒိန္နာထံ လာရောက်ဖူးမြော်သည်။ တရားဟောပြီးနောက် ''တကာကြီးပြန်တော့'' ဟုမိန့်ဆိုသည်။

အနာဂါမ်သဋ္ဌေးကအိမ်စေ့လျှောက်၍ ဆွမ်းခံစရာမလိုပါ၊ အိမ်ကိုနေ့စဉ်ကြွတော်မူပါ၊ သို့မဟုတ်ပါက နေ့စဉ်ဆွမ်းပို့ပါမည်ဟု လျှောက်ထားရာ။

ဤစကားမျိုး နောက်ထပ်မလျှောက်ထားပါနှင့်ဟု ပိတ်ပင်လေသည်။

## အသွားအလာဆင်ခြင်ရန်

ထိုနောက် ဆက်လက်၍မိန့်ကြားပြန်သည်။

''အနာဂါမ်တကာကြီး၊ ငါ့ထံမကြာခဏ လာခြင်းသည် မသင့်လျော်။ လူဝတ်ကြောင်နှင့် ရဟန်း ခြားနားကြပြီးဖြစ်သည်။ ပုထုဇဉ်များ အတွေးမှားမည်ကို သနားသင့်သည်။ တရားနာလိုလျှင် ဘုရားရှင်ထံသွားပါ။ အနာဂါမ် ဘဝနှင့် ကျေနပ်မနေပါနှင့်။ ရဟန္တာမဖြစ်သမျှ ဘုံဘဝနှင့်မကင်းနိုင်ပါ။ တကာကြီးသန္တာန်မှာလည်း ကိလေသာများ ကျန်သေးသည်။ ကိလေသာမကုန်သေးလျှင် အညစ်အကြေးမစင်ကြယ်ပဲ ရှုံ့ဖွယ်သာ ရှိတော့မည်။ ယနေ့မှစ၍ တကာကြီး အသွားအလာဆင်ခြင်ပါ''

ဟု ရှေ့ဆောင်ညွှန်ကြား တရားစကားနှင့် တားမြစ်တော်မူလေရာ ဝိသာခသဋ္ဌေးမှာ ရှိခိုးဝပ်တွား ပြန်သွားရလေတော့သတည်း။

တတိယအကြိမ်

WWW.DHAMMARANSI.COM



# ဓမ္မပဒ အရှင်မ၏
# ရှေးကဆုတောင်း ဘဝပေါင်းများစွာ

## ပဒုမုတ္တရ ဘုရားရှင်လက်ထက်

ဓမ္မဒိန္နာထေရီအလောင်းအမျိုးသမီးသည် ပဒုမုတ္တရမြတ်စွာ ဘုရား လက်ထက်တော် အခါတွင် ဟံသာဝတီပြည်၌ ဆင်းရဲ နွမ်းပါးသော သူတပါး အိမ်အလုပ် လုပ်ရသည့် အလုပ်သမ (အစေခံ)ဖြစ်၍ ဉာဏ်ပညာ ရင့်ကျက်သော ပညာရှိသူ, သီလ စောင့်ထိန်းသူကလေး ဖြစ်၏။

တနေ့ရေခပ်အသွား ပဒုမုတ္တရမြတ်စွာဘုရား၏ အဂ္ဂသာဝက "သုဇာတမထေရ်" ဆွမ်းခံကြွလာခိုက် မိမိစားသုံးရန်ယူဆောင် လာသောမုန့်ကို လှူဒါန်းလိုက်၏။

သုဇာတအရှင်မြတ်သည် အနီးရှိသစ်ပင်ရင်း၌ မိမိလှူသော မုန့်အား ဘုဉ်းပေးနေသည်ကို မြင်ရလျှင် များစွာရွှင်ကြည်ကာ သဒ္ဓါတိုးပွားလာလေသဖြင့် မိမိ အိမ်ကလေးသို့ ဆွမ်းပင့်၍ ကျွေးပြန်၏။ အိမ်ရှင်သဌေးသည် အလုပ်သမအစေခံကလေး၏ စေတနာ သဒ္ဓါတို့ကို များစွာ နှစ်ထောင်းအားရ ရှိလှသဖြင့် မိမိ၏သားနှင့် ပေးစားကာ ချွေးမအရာ၌ ချီးမြှောက်၍ ထား လေသည်။

(အရှင်သုဇာတကား နိရောဓ သမာပတ်မှ ထဦးစဖြစ်၍ ချက်ချင်း အကျိုးပေးလေသည်။)

ယောက္ခမ သဌေးကြီးနှင့် ချွေးမတို့သည် မြတ်စွာဘုရား ကျောင်းတော်သို့ အမြဲမပြတ် သွားကြကာ၊ တရားတော်တို့ကို နာကြားကြယင်း တနေ့တွင် ပဒုမုတ္တရ ဘုရားရှင်က ဘိက္ခုနီ

တတိယအကြိမ်

WWW.DHAMMARANSI.COM



ထေရီတပါးကို (ဓမ္မကထိက တေဒင်္ဂအရာ)ထားတော်မူသည်ကို တွေ့မြင်ရလျှင်များစွာဝမ်းမြောက်အားကျကာ အလှူအမျိုးမျိုး ပေး၍ ထိုတေဒင်္ဂရာထူးဌာနန္တရကို ဆုတောင်းပတ္ထနာမှု ပြုခဲ့လေသည်။

ထိုသဌေးချွေးမသည် ထိုဘဝမှစုတေလတ်သော် တာဝတိံသာဘုံ၌ဖြစ်၏။

## ဖုဿဘုရားရှင်လက်ထက်တွင်

ဤကမ္ဘာမှလွန်ခဲ့သော(၉၂)ကမ္ဘာထက်တွင်‘ ဖုဿဘုရား” ပွင့်တော်မူလေသည်။ ဖုဿဘုရားရှင်၏ ခမည်းတော်မင်းကြီးသည်ငါ၏သားဘုရားဟူ၍ မည်သူတစုံတယောက်မျှ ကိုးကွယ်ခွင့်မပေးခဲ့။

မြို့သူမြို့သား တဦးတယောက်မှ ဆွမ်းလောင်းလှူခွင့် မရခဲ့သဖြင့် ကဲ့ရဲ့ရှုတ်ချစကား ပြောကြားကြကုန်၏။

ဖုဿဘုရားရှင်၏ အဖေတူ မအေကွဲဖြစ်ကြသော (ညီတော်မင်းသားသုံးယောက်)ရှိ၏။ ပြည်စွန်ပြည်ဖျား၌ သူပုန်ထကြွနေရာ မင်းကြီးက သားတော် သုံးယောက်တို့အား စေလွှတ်၏။ သူပုန်ရန်ငြိမ်းခဲ့သဖြင့် မင်းကြီးကနှစ်သက်တော်မူ၍ “လိုရာဆု” ကို တောင်းစေ၏။

မင်းသားတို့က အခြားဆုကို မယူလိုပါ။ မြတ်စွာဘုရားကို ဆည်းကပ်လုပ်ကျွေးရသော ဆုကိုသာရလိုပါ၏ဟု လျှောက်၏။ မင်းကြီးက ဤဆုမှတပါး အခြားဆုကိုယူလော့ဟု ဆို၏။

မင်းသားတို့က အခြားဆုကိုအလိုမရှိပါ။ ဤဆုကိုသာပေးတော်မူပါဟု ဆိုကြလျှင် မင်းကြီးက ဤသို့ဆိုလျှင် ကာလ

တတိယအကြိမ်

WWW.DHAMMARANSI.COM



အပိုင်းအခြားနှင့် လုပ်ကျွေးပြုစုပါဟု မိန့်၏။ မင်းသားတို့က ခုနစ်နှစ်ခွင့်တောင်း၏။ မပေးနိုင်ဟုဆိုသော် သုံးနှစ်၊ တနှစ်၊ ခြောက်လအထိ လျှော့၍ လျှော့၍တောင်းကြရာ သုံးလအထိတွင် သုံးလခွင့်ပြုချက်ရကြ၏။

## မင်းသားသုံးဦးနှင့် ရဲမက် ၁၀၀၀

မင်းသားတို့သည်အတွင်းဝန်အမတ်ကိုခေါ်၍မြတ်စွာဘုရားအမှူးပြု၍ သံဃာတော်ပေါင်း ၉၀၀၀၀ တို့အတွက်ကျောင်းစသောအဆောက်အအုံတို့ကို အလျင်အမြန် ဆောက်စေ၏။

"မင်းသားသုံးဦးနှင့် ရဲမက်ရဲဘော် ၁၀၀၀" တို့သည် ဖန်ရည်စွန်းသော အဝတ်ကိုဝတ်၍ သီတင်းသီလ ဆောက်တည်ကြပြီး ကျောင်းတော်မှာပင် ဘုရားအစရှိသော သံဃာတော်တို့၏ ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ကို ဖြည့်ကျင့်လျက်တရားနာယူလျက်နေကြကုန်၏။

(ဤမင်းသား သုံးဦးနှင့် ရဲမက် ၁၀၀၀ တို့သည်ကားဂေါတမဘုရားရှင်လက်ထက်တွင်ရသေ့ညီနောင် ရှင်တထောင်ဟုကျော်ကြားသော ဥရုဝေလကဿပ၊ နဒီကဿပ၊ ဂယာကဿပနှင့် နောက်လိုက်တပည့် ၁၀၀၀ တို့ဖြစ်လာကြ၏။)

## ဝိသာခ သဌေးနှင့် ဓမ္မဒိန္နာ အလောင်းလျာများ

အတွင်းဝန်အမတ်သည်ဝေယျာဝစ္စဆောင်ရွက်သူလူပေါင်း (၁၁၀၀၀) တသောင်း တထောင်တို့နှင့် ဘုရားအမှူးရှိသော သံဃာတော်တို့အတွက် ပစ္စည်းလေးပါးတို့ကို စီမံဆောင်ရွက်ချက်ပြုတ်ပေးလှူကြ၏။

ဓာတိယအကြိမ်

WWW.DHAMMARANSI.COM



လိုသမျှငွေကို မင်းသားသုံးဦးတို့၏ (ဘဏ္ဍာစိုးဖြစ်သော သဋ္ဌေးသား)က မင်းသားတို့၏ကိုယ်စား မင်းသားသုံးဦးတို့၏ ဘဏ္ဍာတိုက်မှ တလှည့်စီ, တလှည့်စီ လှူဒါန်းရန် ဝတ္ထုများ ပေးအပ်၏။

ထိုဘဏ္ဍာစိုး သဋ္ဌေးနှင့် သဋ္ဌေးကတော်လေးတို့သည် ရတနာ သုံးပါး၌ သက်ဝင်ကြည်ညို၍ သဒ္ဓါတရား ကြီးမားထက်သန် ကြ၏။ တခုကိုပေးပါဆိုလျှင် နှစ်ခုကိုပေးလှူ၏။ (ထိုဘဏ္ဍာစိုး ဇနီးမောင်နှံတို့သည် ဝိသာခ သဋ္ဌေးနှင့် ဓမ္မဒိန္နာတို့ ဖြစ်လာ ကြ၏။)

## ပြိတ္တာဖြစ်ကြသူများ

အတွင်းဝန်မင်း၏ ဆွေမျိုးအချို့သည် ဆွမ်းခဲဖွယ်ဘောဇဉ် တို့ကို သံဃာတော်များအား မကပ်မီ ခိုးစားကြ၏။သား သမီး တို့ကိုလည်း ဦးဦးဖျားဖျားကျွေးကြ၏။လှူဖွယ်ပစ္စည်းတို့မှလည်း ကြိုက်ရာကိုခိုးယူကြ၏။ သေသော်ငရဲဘုံသို့ လားကြကုန်၏။

ကဿပဘုရားရှင်လက်ထက် လွန်လျှင် ပြိတ္တာဘုံသို့ရောက်ကြ ပြန်၏။ ဂေါတမဘုရားရှင်လက်ထက်တွင်(အတွင်းဝန်မင်းသည် ဗိမ္ဗိသာရမင်းကြီး)ဖြစ်လာပြီးထိုဆွေမျိုးပြိတ္တာတို့အား ရည်စူး လှူဒါန်းကာ အမျှဝေမှ ကျွတ်လွတ်ကြ၏။

## ကဿပဘုရားရှင် လက်ထက်တွင်

ကိကီမင်းကြီး၏ သမီးတော် ခုနစ်ယောက်အနက် ခြောက် ယောက်မြောက် သမီးတော် သုဓမ္မာဖြစ်လာပြီး ညီအစ်မခုနစ်

WWW.DHAMMARANSI.COM



ဖော်တို့ အနှစ်, နှစ်သောင်းတိုင်တိုင် အပျိုစဉ်ဘဝဖြင့် သီလ ဆောက်တည်ကာ ကောင်းမှုကုသိုလ်များ ပြုလုပ်ခဲ့ကြ၏။

## ဂေါတမ ဘုရားရှင်လက်ထက်တွင်

ဖော်ပြခဲ့သည့်အတိုင်း အနာဂါမ်သဌေးဝိသာခနှင့် ဓမ္မဒိန္နာ ရဟန္တာအရှင် ထေရီတို့ဖြစ်လာကြ၏။

(ဓမ္မဒိန္နာ၀တ္ထုပြီး၏။)

ဒုတိယအကြိမ်

WWW.DHAMMARANSI.COM

# ကျောင်းအမကြီး ဝိသာခါဝတ္ထု

## ကျောင်းအမကြီးဝိသာခါဝတ္ထု

ကိကီမင်းကြီး၏ သမီးတော် ခုနစ်ဖော်အနက် ခုနစ်ယောက်မြောက် သံဃာ့ဒါယိကာသည် နောက်ဆုံးဘဝ ဂေါတမဘုရားရှင် လက်ထက်တွင် ဝိသာခါ ကျောင်းအမကြီး ဖြစ်လာ၏။ ထိုဝိသာခါ ကျောင်းအမကြီး အကြောင်းစုံကို သက်သာစာစဉ် အမှတ် ၃ တွင် အကျယ်ဖော်ပြခဲ့ပြီးဖြစ်၍ ယခုအကျဉ်းမျှသာ ဖော်ပြပါအံ့။

## ဆုတူးပန်ငါးဦး

ရာဇဂြိုဟ်ပြည် ဘဒ္ဒိယမြို့ရှိ မေဏ္ဍကသဌေးတွင်ဆုတူးပန်ဆင်သူ ငါးဦးတို့ရှိကြ၏၊ (၁)မေဏ္ဍကသဌေး၊ (၂)သဌေးကတော် စန္ဒပဒုမ္မာ၊ (၃)သားဓနဉ္စယ၊ (၄)ချွေးမသုမနဒေဝီ၊ (၅)ကျွန်ပုဏ္ဏ တို့ဖြစ်ကြ၏။ ဓနဉ္စယသဌေးနှင့် သုမနဒေဝီတို့မှာ ဘုန်းကံရှင် "ဝိသာခါ" ကို ဖွားမြင်၏။ ဆုတူးပန်ဆင်သူ ငါးဦးစလုံး သောတာပန်တည်ပြီးကြ၍ မြေးမကလေးဝိသာခါသည်ခုနစ်နှစ်အရွယ်ကပင် သောတာပန်တည်ခဲ့၏။

## ဒုတိယအကြိမ်

WWW.DHAMMARANSI.COM

## သာကေတမြို့သစ်

ရာဇဂြိုဟ်ပြည်တွင် အလွန့်,အလွန်ကြွယ်ဝသော သဌေးများပေါများ၏။ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရနှင့် သာဝတ္ထိပြည့်ရှင် ပသေနဒီ ကောသလမင်းတို့မှာ အပြန်အလှန် သမီးယောက်ဖများ ဖြစ်ကြ၏။ သာဝတ္ထိတွင် သဌေး ရှားပါး၍ သဌေးတယောက်ပေးပါ။ မရလျှင် မပြန်ဟုဆို၏။ ဥစ္စာပစ္စည်း ဆင်,မြင်း,ကျွဲ နွား, တိုက်တာအိမ်ခြေ အထွေထွေသော တပည့်တပန်း အပေါင်းနှင့် ပြောင်းရွှေ့ရမည့်ကိစ္စမှာ မလွယ်ကြ၍ မှည်သူမျှ မလိုက်လိုကြ။

မေနဍ္ဍယနှင့် သုမနဒေဝီတို့က မည်သူမှ မလိုက်လျှင် 'လိုက်ပါမည်ဟု ဝန်ခံ၍ ပြောင်းရွှေ့ကြ၏။ သာဝတ္ထိနှင့် ၆ မိုင်အကွာ သာယာသော ဥယျာဉ်ခြံကြီးကို မြင်ရလျှင် အခြေအရံ ဆင်, မြင်းများပြား၍ သာဝတ္ထိမြို့တွင် နေရသည်ထက် ဤနေရာတွင် မြို့တည်၍ နေပါရစေဟု ပသေနဒီကောသလမင်းထံ ခွင့်တောင်း၍ "သာကေတ" အမည်ဖြင့် မြို့သစ်တည်ကာနေ၏။

## သဌေးသားပုဏ္ဏဝဍ္ဎနဏ်ဖူးစာရှင်

သာဝတ္ထိပြည်မှ မိဂါရသဌေးသည် ၊ သားဖြစ်သူ ပုဏ္ဏဝဍ္ဎန အရွယ်ရောက်လာသဖြင့် အိမ်ထောင်ချလို၏။ သားကမယူလို။ ကောင်းခြင်းငါးဖြာနှင့်ပြည့်စုံမှယူမည်ဆို၏။ ပုဏ္ဏားရှစ်ယောက်တို့ကို အနယ်နယ်လွှတ်၍ရှာစေ၏။ ပုဏ္ဏားတို့ သာကေတမြို့သို့ ရောက်လာကြ၏။

နက္ခတ်ပွဲသဘင်နှင့် ကြုံကြိုက်၏။ တဆယ့်ခြောက်နှစ်အရွယ် ဝိသာခါ အမျိုးသမီးနှင့် အဖော်များ ရေကစား ဆင်းကြစဉ်

တတိယအကြိမ်

WWW.DHAMMARANSI.COM



ပုဏ္ဏားများ တွေ့မြင်၍ ကောင်းခြင်းငါးဖြာ လက္ခဏာနှင့်ပြည့်စုံသဖြင့် ဓနဉ္စယသဌေးထံ တောင်းရမ်းကြ၏။

## ခြိမ့်ခြိမ့်သည်းသည်း မင်္ဂလာပွဲ

ကောသလမင်းကြီးသည် ဝိသာခါမင်္ဂလာပွဲအတွက်စစ်သည်ဗိုလ်ပါများစွာနှင့် သာကေတမြို့သို့လာ၏။ မလောက်,မင,မဝ မရှိစေရ။ ပွဲလမ်းသဘင်ကြီးစွာဖြင့် လေးလကြာမျှ ကျင်းပ၏။ လူတိုင်းလူတိုင်းက ငါ့ကိုမှရွေး၍ ပြုစုသည်ဟု ထင်ရလောက်အောင် ပြုစု၏။

ဝိသာခါ သတို့သမီးအတွက် အဖိုးကိုးကုဋေ ထိုက်တန်သော မဟာလတာ တန်ဆာကို ရွှေ ငွေ ပုလဲ, ကျောက်သံပတ္တမြားတို့ဖြင့် ပြုလုပ်ပေးအပ်၍ သာဝတ္ထိမြို့သို့ ခမ်းနားကြီးကျယ်သော အဆောင်အယောင်တို့ဖြင့် လက်ဖွဲ့၏။

ဖခင်ဓနဉ္စယက သမီးအား ချွေးမတို့လိုက်နာရမည့် စကား ၁၀ ခွန်းမှာကြား ဆုံးမလိုက်၏။ ထို့ပြင်သာဝတ္ထိမှ သဌေးရှစ်ယောက်တို့အား မိမိကိုယ်စား ဆုံးမ စောင့်ရှောက်ပါရန် အပ်နှံ၍ ထည့်လိုက်၏။

မိဂါရသဌေးသည် အစေလကတက္ကတွန်းတို့ကို ကိုးကွယ်သူဖြစ်၏။ အစေလက်ဟူသည်မှာ အဝတ်မဝတ်ကြသောတက္ကတွန်းများဖြစ်ကြ၏။

## ပြဿနာ ရှင်းကြရပြီ

တနေ့တွင် ရဟန်းတပါးဆွမ်းခံရပ်၏။ မိဂါရသဌေးက မမြင်ယောင်ပြု၍ စားနေ၏။ ဝိသာခါက "တပည့်တော်၏ယောက္ခမသည် အစာဟောင်းကိုသာစားသူဖြစ်ပါသည်" ဟုလျှောက်၏။

တတိယအကြိမ်

WWW.DHAMMARANSI.COM



မိဂါရသည် ချွေးမကသူ့ကိုမစင်စားသည်ဟုစော်ကားကြောင်းဖြင့် အိမ်ပေါ်မှနှင်ချ၏။ ဝိသာခါက မသွားနိုင်သေးပါ၊ ဖခင်သဌေးကြီးအပ်ထားသော သဌေးကြီးရှစ်ဦးက ပြန်ဆိုမှပြန်ပါရမည်ဟု ပြောကြား၏။ မိဂါရသဌေးက သာဝတ္ထိသဌေးကြီးရှစ်ဦးကိုဖိတ်ကြားတင်ပြ၏။

ဝိသာခါက "အစာဟောင်းကိုသာ စားနေပါသည်" ဟုဆိုခြင်းမှာ "ရှေးကပြုခဲ့သောကံ၏အကျိုးကိုသာခံစားနေပါသည်" ရှင်းပြ၍ ဝိသာခါတွင်အပြစ်မရှိကြောင်းပြောပြကြ၏။ ထိုအခါ မိဂါရသဌေးကဤအိမ်သို့လိုက်ခါနီးတွင် ဓနဉ္စယသဌေးတီးတိုးမှာကြားသောစကား ၁၀ ခွန်း၏ အဓိပ္ပာယ်ကို သိလိုပါသည်ဟု ပြော၏။ ဝိသာခါက (၁)အတွင်းမီးကို အပြင်သို့မထုတ်နှင့်၊ (၂) အပြင်မီးကို အတွင်းသို့ မသွင်းနှင့်၊ (၃) ပြန်ပေးသောသူအားသာလျှင်ပေးပါ၊ (၄)ပြန်မပေးသောသူအား မပေးနှင့် (၅) ပေးသောသူကိုလည်း ပေးသင့်၏။ မပေးသောသူကိုလည်း ပေးသင့်၏၊ (၆) ချမ်းသာစွာနေပါ၊ (၇)ချမ်းသာစွာစားပါ၊ (၈) ချမ်းသာစွာ အိပ်ပါ၊ (၉) မီးကိုရှိသေစွာလုပ်ကျွေးပါ၊ (၁၀) အိမ်တွင်းနတ်ကို ရှိခိုးပါဟူသောစကား ၁၀ ခွန်း အဓိပ္ပာယ်ကို ရှင်းပြသောအခါ ကျေနပ်ပါကြောင်း နောက်ထပ် မေးစရာမရှိတော့ပါကြောင်း ပြောကြား၏။

## မိဂါရသဌေးကြီး သောတာပန်တည်ခြင်း

ထိုအခါ ဝိသာခါက မိမိအပြစ်မရှိပါလျက် ယောက္ခမကနှင်ချခဲ့ပါ၍ မိဘများထံ ပြန်ခွင့်ပြုပါရန် သဌေးကြီး ရှစ်ဦးထံ ခွင့်တောင်း၏။ မိဂါရသဌေးက အကြောင်းစုံမသိရ၍ နှင်ထုတ်မိပါသည်။ မပြန်ပါနှင့်ဟု တောင်းပန်၏။

WWW.DHAMMARANSI.COM


ဝိသာခါက မိမိသည် မြတ်စွာဘုရားကို ကိုးကွယ်သူဖြစ်၍ ဘုရား, တရား, သံဃာနှင့် ကင်းကွာ၍မရပါ၊ ဘုရား,တရား. သံဃာကိုကိုးကွယ်ခွင့်ရလျှင် ဆက်လက်နေပါမည်ဟု ဆိုလျှင် မိဂါရသဌေးက လိုက်လျောရလေ၏။

ဝိသာခါသည်မြတ်စွာဘုရားနှင့် သံဃာတော်များကိုဆွမ်းပင့်ကျွေး၏။ အနုမောဒနာပြုရန် မိဂါရသဌေးကိုခေါ်၏။ အစေလကတို့က တရားမနာရန် တားမြစ်၏။ ချွေးမကို အားနာ၍ တင်းထိမ်ကန့်လန့်ကာအတင်းမှ နာကြားပါရစေဟု တောင်းပန်၍ တင်းထိမ်ပြင်ပမှ နာကြား၏။ မိမိအား မြတ်စွာဘုရားက စေ့စေ့ကြည့်၍ဟောတော်မူသည်ဟု ထင်မြင်မိကာ ကောင်းစွာ နာယူသည်ရှိသော် သောတာပတ္တိဖိုလ်၌တည်လျက်ကြီးစွာသော သဒ္ဒါတရားဖြင့်သရဏဂုံသုံးပါး၌ ယုံမှားခြင်းကင်းစွာ တည်လေပြီးသော် ချွေးမထံသွား၍ "သင်သည် ယနေ့မှစ၍ ငါ၏မိခင် အရာ၌တည်ပါလော့"ဟု မိခင်အရာ၌ ထားလေ၏။ ထိုအခါမှစ၍(မိဂါရမာတာဝိသာခါ)"မိဂါရသဌေး၏အမေ ဝိသာခါ" ဟုခေါ်ကြ၏။ ဒုတိယနေ့တွင် မြတ်စွာဘုရားကိုပင့်၍ ဆွမ်းကျွေးရာ အနုမောဒနာတွင် မိဂါရ သဌေးကတော်သည်လည်း သောတာပတ္တိဖိုလ်၌ တည်လေ၏။

မိဂါရသဌေးအိမ်တွင် သာသနာရောင် ထွန်းတောက်နေ၏။

ချွေးမ ဝိသာခါသည် ကျေးဇူးကြီးလှပေသည်ဟု "ဃနမဋ္ဌက"အမည်ရှိ အဖိုးတသိန်းထိုက်သောရတနာများဖြင့်ပြုလုပ်သော အဝတ်တန်ဆာကို ထသွား,ထလာ ဝတ်ဆင်ရန် ချွေးမအားကြည်ညိုသော အထိမ်းအမှတ်အဖြစ် လက်ဆောင်ပေး၏။

တကိုယအကြိမ်

WWW.DHAMMARANSI.COM



ဝိသာခါသည် ဆင်ပြောင် ငါးစီး အားရှိသည်ကို ကောသလမင်းကြီး မယုံသဖြင့်ဆင်များလွှတ်၍ လက်တွေ့ စမ်းသပ် ကြည့်ရသည် အထိ ခွန်အားနှင့်ပြည့်စုံ၏။

သား ဆယ်ယောက်၊ သမီးဆယ်ယောက်၊ မြေးလေးရာ၊ မြစ်ရှစ်ထောင်တို့ရှိ၏၊ သား, သမီး, မြေးများနှင့် အတူသွားလျှင်မည်သူသည် ဝိသာခါဟု ခွဲခြား၍မရအောင် နုပျို၏။ အသက် ၁၂၀ နေရ၏။

တနေ့တွင်ကျောင်းတော်ဝဌ်မဟာလ္လတာတန်ဆာခွေ့ကျန်ခဲ့ရာမှ ထိုမဟာလ္လတာ တန်ဆာကိုရောင်းချ၍ 'ပုဗ္ဗာရုံကျောင်းတော်ကြီး' ကို ဆောက်လုပ် လှူဒါန်း၏။ ကျောင်းနှင့် တကွကျောင်းရေစက်ချပွဲအဲလှူကြီး အပါအဝင် နှစ်ဆယ့်ခုနစ်ကုဋေကုန်ကျ၏။

ကျောင်းရေစက်ချပွဲ ပြီးမြောက်လေလျှင် ဝမ်းသာလွန်းလှသဖြင့်ကျောင်းပူဇော်ပွဲ၏ နောက်ဆုံးည၌သား, သမီး, မြေး, မြစ်များခြံရံပြီး သီချင်းငါးပုဒ်သီဆိုလျက် ကျောင်းစဉ်သို့ လှည့်လည်၏။ (ဘဝအဆက်ဆက်ကရည်မှန်းခဲ့သမျှ ယခုနေ့ဆန္ဒပြည့်ဝ တတိယအကြိမ်

WWW.DHAMMARANSI.COM



ရလေပြီ)ဟူသီဆိုကျူးရင့်သံကြားလျှင် ရဟန်းအပေါင်းတို့မကြုံဘူးမကြားဘူးသဖြင့် ဘုရားသခင်အား မေးလျှောက်ကြ၏။

မြတ်စွာဘုရားက ''ငါ၏သမီးတော်သည် ဘဝများစွာ ဆုတောင်းခဲ့သမျှ ယနေ့ အောင်မြင်ရ၍ ဥဒါန်းကျူးရင့်ခြင်းဖြစ်သည်''ဟုမိန့်တော်မူ၍ ဝိသာခါ၏အတိတ်ဇာတ်ကို ဟောကြားတော်မူရာတွင် ပဒုမုတ္တရဘုရားရှင်ထံဗျာဒိတ်ပန်ဆင်ခဲ့ပုံ၊ ကဿပဘုရားရှင်လက်ထက်တွင် ကိကီမင်းကြီး၏ အငယ်ဆုံးသမီးတော်သံဃဒါသီဖြစ်ခဲ့ပုံတို့ကို ဟောကြားတော်မူပြီးသည်၏ အဆုံး၌ ဓမ္မပဒဒေသနာဂါထာတော်ကိုဟောကြားတော်မူရာတွင်....

## ဒါနပန်းကုံးပန်ဆင်သုံး

၅၃။ ယထာပိ ပုပ္ဖရာသိမှာ၊ ကယိရာ မာလာဂုဏေ ဗဟူ။
ဧဝံ ဇာတေန မစ္စေန၊ ကတ္တဗ္ဗံ ကုသလံ ဗဟုံ။

၅၃။ လိမ္မာလှသောပန်းသည်သည် ပန်းပုံကြီးထဲမှများစွာသော ပန်းတုံးတို့ကိုသီကုံးသကဲ့သို့ တွေဝေမိန်းမော နစ်မော၍နေတတ်သောသတ္တဝါတို့သည် ပစ္စည်းဥစ္စာ အစုအပုံကြီးမှ များစွာသော ဒါနပန်းကုံးတို့ကို သီကုံးအပ်ပေ၏။ ဒေသနာတော်၏အဆုံး၌ များစွာသောသူတို့မှာ သောတာပတ္တိဖိုလ် စသည်တို့သို့ တည်ကုန်၏။

## တေဒဂ်ဘွဲ့ထူး

ထိုနောက် ဥပါသိကာဒါယိကာမကြီးများကို အစဉ်အတိုင်း တေဒဂ်ရာ ဘွဲ့ထားတော်မူသည်ရှိသော် ''လှူဒါန်းခြင်း၌နှစ်မြို့ကမွေ့ လျော်သော အရာဝယ် ဝိသာခါ သဋ္ဌေးမသည် အသာဆုံးအမြတ်ဆုံး(ဒါယိကာတေဒဂ်)အရာထားတော်မူလေ၏။

(ဝိသာခါကြောင်းအမဂ္ဂတ္ထုပြီး၏။)

ဓာတ်ပုံအကြိမ်

WWW.DHAMMARANSI.COM

## နိဂုံး

ဤအမှတ် ၇-၈-၉ တို့ကိုတဆက်တည်းပြုစုခဲ့ရာ သက္ကရာဇ် ၁၃၄၃ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၅ရက်(၁၈-၁၀-၈၁) တနင်္ဂနွေနေ့ ညဉ့် ၉ နာရီ ၄၅ မိနစ်တွင် ဤနိဂုံးသို့ ရောက်ပါသတည်း။

ဤသို့ ရေးသားနိုင်ရန် စာပေအထွေထွေ ဖတ်ရှုလေ့လာ စုဆောင်းမှတ်သားရသောအချိန်ကာလ၊ရေးသားနေစဉ် အချိန်ကာလ အပိုင်းအခြားတို့တွင် အခြားအခြားသော အကုသိုလ်စိတ်များဝင်ရောက်ချိန်မရကြပဲ၊ထိုထိုသောပုဂ္ဂိုလ်တို့အပေါ်တွင် ပိုမို၍ကြည်သိုသဒ္ဓါ တိုးပွားလာသော ကုသိုလ်စိတ်တို့သာ ပွားများလာရသဖြင့် များစွာနှစ်ထောင်းအားရ ဖြစ်မိပါသည်။

ဤစာအုပ်ကိုဖတ်ရှုကြသော ပုဂ္ဂိုလ်အသီးသီးတို့သည်လည်း ဖတ်ရှုနေစဉ်ကာလ ကုသိုလ်စိတ်သာ ပွားများကြမည် အမှန်ပင် ဖြစ်ပါလိမ့်မည်။ တဆင့်တက်၍ သာသနာတော် အပေါ်တွင် သဒ္ဓါတိုးပွား ကြည်သိုစိတ်များ ဖြစ်ပေါ်လာကာ ကျင်ကြံကြိုးကုတ်အားထုတ်ကြပါမူကား အတိုင်းထက်အလွန် အကျိုးတရား ပွားများကြမည် အမှန်ပင်ဖြစ်ပါသည်။

မိမိသည် ပါဠိပိဋကတ်တော်တွင် နံ့စပ် ကျမ်းကျင်သူတဦး မဟုတ်စေကာမူ မိမိကိုယ်တိုင် ပိဋကတ်တော် မြန်မာပြန် ကျမ်းပေါင်းများစွာ သေချာဖတ်ရှုစေ့ငုမိသမျှ အရင်းအဘိုင်းတဖန် မိမိသိသမျှ သိကြပါစေဟူသော စေတနာဖြင့်ရေးသားပြုစုခဲ့ရာ မိမိ၏ ချွတ်ချော်ကိမ်းပါးမှုတို့ကို သက်ဆိုင်ရာ ပညာရှင်တို့က ညှန်ပြပုံပြင်စေသဖြင့် အမှတ်စဉ် ၇ နှင့် ၈ တို့ကို အသစ်တဖန် ပြန်လည်ရေးသားမှုသည်( ၂၁-၁၀-၈၂ )ကြာသပတေးနေ့တွင် ပြီးစီးအောင်မြင်ခဲ့ပါသည်။ လုခင် (ဆန်းညွန့်ဦး)

တတိယအကြိမ်

WWW.DHAMMARANSI.COM



# တေဒင်(ဘွဲ့ထူးဂုဏ်ထူး)ပေါင်း ၆၀ နှင့် ဘွဲ့ရပုဂ္ဂိုလ်(၇၅)ပါး

| | | |
|---|---|---|
| တေဒင်ဘွဲ့ရ | ရဟန္တာမထေရ်ကြီး | (၄၁)ပါး၊ |
| | ရဟန္တာထေရီ | (၁၃)ပါး၊ |
| | ဥပါသကာ | (၁၁)ဦး၊ |
| | ဥပါသိကာ | (၁၀)ဦး။ |

၁။ ဝါရင့်ခြင်း။ ။ရတ္တညူတေဒင်(ရဟန်းသိက္ခာဝါအကြီးဆုံး)
ဘွဲ့ရပုဂ္ဂိုလ် ၂ ပါး။ (၁) အရှင်ကောဏ္ဍည။
(၂) အရှင်မ ပဇာပတိဂေါတမီ။

၂။ ဉာဏ်ပညာကြီးခြင်း။ "အဂ္ဂမဟာပညာ တေဒင်"
ဘွဲ့ရပုဂ္ဂိုလ် ၂ ပါး။ (၃) အရှင်သာရိပုတ္တရာ။
အဂ္ဂသာဝက၊ လက်ျာတော်ရံ
ဓမ္မသေနာပတိ
တရားစစ်သူကြီး။
(၄) အရှင်မ ခေမာထေရီ။

၃။ တန်ခိုးဣဒ္ဓိပါဒ်ကြီးခြင်း။ ။"ဣဒ္ဓိမန္တာ တေဒင်"
ဘွဲ့ရပုဂ္ဂိုလ် ၂ ပါး။ (၅) အရှင်မဟာမောဂ္ဂလာန်။
အဂ္ဂသာဝက လက်ဝဲတော်ရံ။
(၆) အရှင် ဥပ္ပလဝဏ်ထေရီ။

WWW.DHAMMARANSI.COM



၄။ ဓုတင်ဆောင်ခြင်း။ ။ "ဓုတဝါဒါန"
ဘွဲ့ရ တပါး။ (၇) အရှင်မဟာကဿပ။

သဌေးသား ပိပ္ပလိလုလင်ဘဝ၊ မိဘတို့က ရှင်မ ဘဒ္ဒကာပိလာနီနှင့် လက်ထပ်ပေး၏။ နှစ်ဦးသဘောတူ မောင်နှမ ကဲ့သို့နေခဲ့ကြ၏။ မိဘများ ကွယ်လွန်လျှင် မြောက်မြားစွာသော စည်းစိမ်ဥစ္စာတို့ကို စွန့်ခဲ့၍ တောထွက်ခဲ့ကြ၏။ မြတ်စွာဘုရားသည် ချီးမြှောက်သမှုပြု၏။ ရဟန်းဘဝရောက်၏။ ပိပ္ပလိသဌေးအား အမျိုးအနွယ်အားဖြင့် "အရှင်ကဿပ"အမည်ချီးမြှင့်၏။ ဓုတင်ပဋိပတ်အကျင့်မြတ် ၁၃ ပါးကို ဘုရားရှင်ထံတော်မှ ခံယူဆောက်တည်၍အသက်ထက်ဆုံးပင် ကိုယ်တိုင်လည်း ကျင့်သုံး၍ သူတပါးကိုလည်း ဟောကြားဆုံးမ၏။

၅။ ဒိဗ္ဗစက္ခုအဘိညာဉ်တေဒဂ်။
ဘွဲ့ရပုဂ္ဂိုလ် ၂ ပါး။ (၈) အရှင်အနုရုဒ္ဓါ။
(၉) အရှင်မ သကုလာ။

သာဝတ္ထိပြည် ပုဏ္ဏားမျိုး၌ဖြစ်၊ သဒ္ဓါအလျောက် ရဟန်းပြုပြီး လုံ့လဝီရိယတို့ဖြင့် ပွားများ အား ထုတ်၍ မကြာမီ အရဟတ္တဖိုလ်သို့ရောက်၏။ ဒိဗ္ဗစက္ခုအဘိညာဉ်ကို အထူးလေ့လာသဖြင့် အလွန် နိုင်နင်းသူဖြစ်လာပြီး တေဒဂ်ဘွဲ့ထူး ပေးအပ်ခံရ၏။

၆။ အမျိုးမြတ်ခြင်း။ ။ "ဥစ္စကုလိကာတေဒဂ်"
ဘွဲ့ရတပါး။ (၁၀) အရှင်ဘဒ္ဒိယ။

သုဒ္ဓေါဒနမင်းကြီး သက်တော် ၉၀ ကျော်လျှင် သာကီဝင်များထဲမှ ရှေ့ဆောင်မင်းအဖြစ် ဘဒ္ဒိယမင်းသားကို ရွေးချယ်

WWW.DHAMMARANSI.COM



ခန့်အပ်ကြ၏။ ဘဒ္ဒိယမင်းသားသည် ယင်းကိုစွန့်ပယ်ပြီး ရဟန်းပြု၏။ မြတ်စွာဘုရားက "ငါ၏တပည့်သား ရဟန်းများအနက် အရှင်ဘဒ္ဒိယ မထေရ်သည် ဥစ္စကုလိတာ အမျိုးမြတ်ခြင်း အရာဝယ် အသာဆုံးအမြတ်ဆုံးဖြစ်လေ၏"ဟု ဧတဒဂ်အရာ၌ ထား တော်မူ၏။

၇။ **အသံသာယာခြင်း။** ။"မဉ္ဇုဿရ ဧတဒဂ်"
ဘွဲ့ရတပါး (၁၁) အရှင်လကုဏ္ဍကဘဒ္ဒိယ။

သာဝတ္ထိပြည်မှ သူဌေးသား ဘဒ္ဒိယ အမည်ရှိ၍၊ ဇေတဝန်ကျောင်းတွင် တရားနာပြီး ရဟန်းပြု၏။ ကြိုးစားအားထုတ်၍ မကြာမြင့်မီ ရဟန္တာဖြစ်၏။

ကြီးမားသော တန်ခိုးအာနုဘော်ရှိ၏၊ မဝင်စားဘူးသော သမာပတ်ဟူ၍မရှိ၊ အရဟတ္တဖိုလ်သမာပတ်ကို မပြတ်ဝင်စားနေ၏၊ ကိလေသာကင်း၍ သံယောဇဉ်အနှောင်အဖွဲ့မရှိ စသည်ဖြင့် မြတ်စွာဘုရားသည် မထေရ်မြတ်၏ဂုဏ်ကျေးဇူးတို့ကို ထုတ်ဖော် ဥဒါန်းကျူးရင့်တော်မူလေ့ရှိ၏။

၈။ **ရဲရင့်သောစကားကိုဆိုခြင်း။** "သီဟနာဒဧတဒဂ်"
ဘွဲ့ရတပါး (၁၂) အရှင်ပိဏ္ဍောလဘာရဒွါဇ။

၉။ **တရားဟောကြားခြင်း။** "ဓမ္မကထိက ဧတဒဂ်"
ဘွဲ့ရ(၃)ပါး။ (၁၃) အရှင်ပုဏ္ဏ။

အရှင်ကောဏ္ဍညၡ၏ နှမ မန္တာဏီ ပုဏ္ဏေးမ၏ သား ဖြစ်၍ "မန္တာဏီပုတ္တပုဏ္ဏမထေရ်"ဟု အမည်တွင်သည်။

တတိယအကြိမ်

WWW.DHAMMARANSI.COM



(၁၄) အရှင်မ ဓမ္မဒိန္နာ။

ရာဇဂြိုဟ်ပြည်မှ အနာဂါမ် သဌေးကြီး ဝိသာခ၏ဇနီး ဖြစ်သည်။ မြောက်မြားစွာသော ပစ္စည်းဥစ္စာတို့ကို စွန့်လွှတ်၍ ရဟန်းပြု၏။ ပူဇော်သက္ကာ လာဘ်များလှ၍ တောကျောင်းသို့ ကြွ၍ တရား အားထုတ်၏။ ရဟန္တာ ထေရီဖြစ်၊ အနာဂါမ် သဌေးကြီးကို တရားဟော၏။

(၁၅) စိတ္တသူကြွယ်(ဥပသကာ)

၁၀။အကျဉ်းကိုအကျယ်ဟောခြင်း။ "သံခိတ္တေနဘာသိတေဒဂ်" ဘွဲ့ရတပါး။ (၁၆) အရှင်ကစ္စာန (အရှင်မဟာကစ္စည်း)

ဥဇ္ဇေနီပြည် စဏ္ဍပဇ္ဇောတမင်း၏ ပုရောဟိတ် ပုဏ္ဏားဖြစ်၏။ ရွှေအဆင်းရှိ၍ အလွန်ချောမောလှ၍သဖြင့် ငယ်စဉ်က "ကဥ္စန သတို့သား"ဟု ခေါ်၍ မင်း၏ပုရောဟိတ်ဖြစ်လာမှ "ကစ္စာန" ဟုအမျိုးအနွယ်အမည်ကို တင်စား၍ခေါ်လာ၏။ စဏ္ဍပဇ္ဇောတမင်းက ရာဇဂြိုဟ်ပြည်သို့မြတ်စွာဘုရားကိုပင့်ခဲ့ရန် "ကစ္စန" နှင့် ပုဏ္ဏား ခုနစ်ယောက်တို့ကို စေလွှတ်၏။ တရားနာကြားရလျှင် ရဟန္တာများဖြစ်ကြကုန်၏။ ဟေဘိက္ခုအဖြစ် ချီးမြှောက်၏။ အရှင်ကစ္စာနသည် အဖော် ခုနစ်ပါးနှင့် ဥဇ္ဇေနီသို့ ရှေးဦးစွာ ကြွသွားတော်မူ၍ တရားဒေသနာတော်များကို ဟောကြားပြသတော်မူရာ ဥဇ္ဇေနီ တပြည်လုံး သက်နှင်းရောင် ဖုံးလွှမ်းခဲ့လေသည်။

၁၁။ အဘိညာဉ်စိတ်ဖြင့် ပြီးသော ရုပ်အများကို ဖန်ဆင်းနိုင်ခြင်း။

"မနောမယအဘိနိမ္မိတ အဘိညာဉ် တေဒဂ်"

တတိယအကြိမ်

WWW.DHAMMARANSI.COM



၁၂။ ရူပါဝစရဈာန်အရာဝယ် လိမ္မာကျွမ်းကျင်ခြင်း။
"စေတောဝိဝဋ္ဋကုသလ တေဒဂ်"
တပါးတည်း ၂ ဘွဲ့ရ (၁၇) အရှင်စူဠပန္ထက။

ဥာဏ်ထိုင်းလှ၍ နောင်တော် မဟာပန္ထကက ကျောင်းတော်မှ နှင်ထုတ်၏၊ ငိုယိုနေ၍ မြတ်စွာဘုရားက အားပေးစကား မိန့်ကြားပြီး အဝတ်စကိုပေးကာ ပွတ်ချေယင်း သမာဓိဘာဝနာ အလုပ်ကို အားထုတ်စေ၏။ အားထုတ်ယင်း ရူပါဝစရဈာန် လေးပါးကို ရရှိလျက် ထိုဈာန်တို့ကို အခြေခံ ပါဒက ပြုလုပ်၍ ဝိပဿနာ ကမ္မဋ္ဌာန်းကို ဆက်လက် စီးဖြန်းရာမှ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာအဖြစ် ရောက်ရှိပြီး "မနောမယရူပါဝစရဈာန်ကို ပိုင်နိုင်သဖြင့် ပုဂ္ဂိုလ် တဦးတည်းက အများဖြစ်အောင်၊ အများက တဦးတည်းဖြစ်အောင် ဖန်ဆင်းနိုင်သော ဣဒ္ဓိရှင် ဖြစ်၏။

၁၃။ အရူပဈာန်မှထ၍ရဟန္တာဖြစ်ခြင်း။ "သညာဝိဝဋ္ဋကုသလ တေဒဂ်"
ဘွဲ့ရတပါး (၁၈) အရှင်မဟာပန္ထက။

၁၄။ အပြစ်မရှိသောနေခြင်း။ "အရဏဝိဟာရီတေဒဂ်"

၁၅။ မြတ်သောအလှူကိုခံထိုက်ခြင်း။ "ဒက္ခိဏေယျတေဒဂ်"
တပါးတည်း ၂ ဘွဲ့ရ (၁၉) အရှင်သုဘူတိ။

အရှင်သုဘူတိသည် အနာထပိဏ်၏ ညီအရင်း ဖြစ်သည်။ ဇေတဝန်ကျောင်းတော် ရေစက်ချပွဲတွင် သဒ္ဓါတက်၍ ရဟန်း တတိယအကြိမ်

WWW.DHAMMARANSI.COM



အဖြစ်ခံယူပြီး တောကျောင်းတွင်နေကာ မေတ္တာစျာန်ကို အခြေပြု၍ ဝိပဿနာကို ပွားများသဖြင့် အရဟတ္တဖိုလ်ပေါက်တော်မူသည်။ (၁) တရားဟောလျှင် ဓမ္မဓိဋ္ဌာန်နည်းဖြင့် တရားသက်သက်ကို ဟောတော်မူသည်။ (၂) ဆွမ်းခံမကြွမီ အလှူဒါယကာတို့အကျိုးကိုရှေးရှုပြီး မေတ္တာစျာန်ကိုဝင်စား၍ မေတ္တာစျာန်မှထပြီး ဆွမ်းခံကြွတော်မူသည်။

၁၆။ တောရဆောက်တည်ခြင်း။ ။"အရညကတေဒဂ်"

(၂၀) အရှင်ရေဝတ (အရှင်ခဒိရဝနိယရေဝတ)

အရှင်သာရိပုတ္တရာ၏ ညီထွေးဖြစ်သည်။ အရဟတ္တဖိုလ်ဆိုက်ရောက်ပြီးသည့်တိုင် အလွန် ခက်ခဲပင်ပန်းပြီး ကျောက်စရစ်၊ ကျောက်ပြားအချွန်အတက်များ ပေါများ၍ ကြမ်းတမ်းသောခရီး ဖြစ်သည့် ရှားတောကျောင်း၌ ခေါင်းခေါင်းပါးပါးအားထုတ်တော်မူသောကြောင့် "ခဒိရဝနိယရေဝတမထေရ်" ဟု ထင်ရှားသည်။

၁၇။ စျာန်ဝင်စားသောအရာ။ ။"စျာယီတေဒဂ်"

ဘွဲ့ရပုဂ္ဂိုလ်သုံးပါး။ (၂၀) အရှင်ကင်္ခါရေဝတ။

များစွာသော စျာန်တရားတို့ကို ဝင်စားလျက် နေ့ညမပြတ်စျာန်တရားတို့၌လေ့လာနိုင်နင်းတော်မူ၏။ဝိနည်းအရာ၌ အပ်စပ်သောအရာကိုပင် မအပ်စပ်ဟု တွေးတောယုံမှားဂရုထားလွန်းလှသောကြောင့်"ကင်္ခါရေဝတမထေရ်"ဟု အမည်တွင်သည်။

(၂၂) အရှင်မ နန္ဒာ။

ဇနပဒကလျာဏီခေါ် ရူပနန္ဒာမင်းသမီးသည် ရဟန်းပြုပြီး

WWW.DHAMMARANSI.COM



နေ့ခါက် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ချိန်မှစပြီး အမြဲမပြတ် ဈာန်တရားဖြင့်သာ မွေ့လျော်ပျော်ပိုက်၍ နေတော်မူသည်။

(၂၃) နန္ဒမာတာဥတ္တရာ ဥပါသိကာ။

ပြည့်တန်ဆာမ သိရိမာက ဆိပ္ပူလောင်းစဉ် "မေတ္တာအပ္ပနာ ဈာန် ဝင်စား၍ အန္တရာယ်ပြုသူအား သည်းခံနိုင်စွမ်းရှိသော ကြောင့် "ဈာန်ဝင်စားခြင်း၌ ဥပါသိကာတို့တွင် အသာဆုံး အမြတ်ဆုံးဘွဲ့" ရရှိခြင်းဖြစ်သည်။

**၁၈။ လုံ့လဝီရိယ ကြီးခြင်း။** ။"အာရဒ္ဓဝီရိယ ဧတဒဂ်" ဘွဲ့ရပုဂ္ဂိုလ် ၂ ပါး။ (၂၄) အရှင်သောဏကောဠိဝိသ။

(၂၅) အရှင်မ သောဏာ။

(ဗဟုပုတ္တိကာသောဏာထေရီ)သား,သမီးဆယ်ယောက်မိခင်။

**၁၉။ အပြော အဆို ကောင်းခြင်း။** ။"ကလျာဏဝါကရဏ ဧတဒဂ်"

ဘွဲ့ရတပါး (၂၆) အရှင်သောဏကုဋိကဏ္ဏ။

အမည်ရင်း "သောဏသတို့သား" တကုဋေတန် နားပန်ကို ပန်ဆင်ခဲ့ရသဖြင့် "သောဏကုဋိကဏ္ဏ" ဟူ အမည်တွင်သည်။

**၂၀။ လာဘ်ပေါများခြင်း။** ။"လာဘိဧတဒဂ်" ဘွဲ့ရတပါး။ (၂၇) အရှင်သီဝလိ။

WWW.DHAMMARANSI.COM



၂၁။ သဒ္ဒါတရားလွန်ကဲခြင်း။ ။"သဒ္ဒဝိမုတ္တတေဒဂ်"
ဘွဲ့ရပုဂ္ဂိုလ် ၂ ပါး။ (၂၈) အရှင်ဝက္ကလိ။
(၂၉) အရှင်မ သိင်္ဂါလကမာတာ။

၂၂။ သိက္ခာသုံးပါး ကျင့်ဆောင်ခြင်း။ ။"သိက္ခာကာမ တေဒဂ်"

ဘွဲ့ရတပါး။ (၃၀) အရှင်ရာဟုလာ။

၂၃။ သဒ္ဒါ၍ ရဟန်းပြုခြင်း။ ။"သဒ္ဒါပဗ္ဗဇ္ဇိတတေဒဂ်"
ဘွဲ့ရတပါး။ (၃၁) အရှင်ရဋ္ဌပါလ။

ရဋ္ဌပါလ သဌေးသား ရဟန်းပြုရန် မိဘများထံ ခွင့်ပန်ရာ ရဟန်းပြုခွင့် မရသဖြင့် အစာငတ်ခံရသည်။ ရက်ကြာတော့မှ မိဘများက သေမည်စိုး၍ ခွင့်ပြု၏။ သဒ္ဒါတရား ကြီးမားစွာ အားထုတ်၍ အရဟတ္တဖိုလ်သို့ ရောက်၏။

၂၄။ စာရေးတံမဲ ပထမယူခြင်း။ "ပဌမံ သလာကပဋ္ဌာန္တ တေဒဂ်"

ဘွဲ့ရတပါး။ (၃၂) အရှင်ကောဏ္ဍဓာန။
(စာရေးတံမဲနှိုက်တိုင်း ပထမရသူ)

၂၅။ ဖွဲ့ဆိုသီကုံးမှု၌ ဉာဏ်ပဋိဘာန်ရှိခြင်း။ ။"ပဋိဘာနဝန္တ တေဒဂ်"

ဘွဲ့ရတပါး။ (၃၃) အရှင် ဝင်္ဂီသ။

အရှင်ဝင်္ဂီသ မထေရ်သည် ရုတ်တရက်ချက်ချင်း ဆန်းကြွယ်သော ဂါထာများကို ဖွဲ့ဆိုသီကုံးနိုင်၏။
ဇာတိယအကြိမ်

WWW.DHAMMARANSI.COM



၂၆။ ကြည်ညိုဖွယ်ရာ ဆောင်ခြင်း။ ။"သမန္တပါသာဒိက"
ဘွဲ့ရတပါး။ (၃၄) အရှင်ဥပသေန။

၂၇။ သံဃာတော်များအတွက် နေရာချထားခြင်း။ ။
"သေနာသနပညာပကတေဒဂ်"
ဘွဲ့ရတပါး။ (၃၅) အရှင်ဒဗ္ဗ။

၂၈။ နတ်တို့ မြတ်နိုးခြင်း။ ။"ဒေဝါနံပိယမနာမတေဒဂ်"
ဘွဲ့ရတပါး။ (၃၆) အရှင်ပိလိန္ဒဝစ္ဆမထေရ်။

၂၉။ လျင်မြန်စွာ ထိုးထွင်းသိခြင်း။ ။"ခိပ္ပာဘိညာ တေဒဂ်"
ဘွဲ့ရ ၂ ပါး။ (၃၇) အရှင်ဗာဟိယဒါရုစီရိယ။
(၃၈) အရှင်မကုဏ္ဍလကေသာထေရီ။

၃၀။ ဆန်းကြယ်စွာတရားဟောခြင်း။ ။"စိတ္တကထိကတေဒဂ်"
ဘွဲ့ရတပါး။ (၃၉) အရှင်ကုမာရကဿပ။

၃၁။ ပဋိသမ္ဘိဒါ ၄ ပါးရခြင်း။ ။"ပဋိသမ္ဘိဒါပတ္တတေဒဂ်"
ဘွဲ့ရတပါး။ (၄၀) အရှင်မဟာကောဋ္ဌိက။

မထေရ်မြတ်သည် အရဟတ္တဖိုလ်သို့ဆိုက်ရောက်ကာ ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ဖြစ်သည့်မှုစ၍ ပဋိသမ္ဘိဒါလေးပါးတို့၌ အမြဲတစေ လေ့လာနိုင်နင်းတော်မူ၏။

တတိယအကြိမ်

WWW.DHAMMARANSI.COM



၃၂။ အကြားအမြင်များခြင်း။ ။"ဗဟုသုတဇတေဒဂ်"
ဘွဲ့ရ ၂ ပါး (၄၁) အရှင်အာနန္ဒာ(ပထမဘွဲ့)
(၄၂) ခုဇ္ဇုတ္တရာရှင်မ။

၃၃။ သတိကောင်းခြင်း။ ။"သတိမန္တဇတေဒဂ်"
ဘွဲ့ ၅ဘွဲ့ရ (၄၁) အရှင်အာနန္ဒာ(ဒုတိယဘွဲ့)

၃၄။ ဉာဏ်ကောင်းခြင်း။ ။"ဂတိမန္တဇတေဒဂ်"
။ (၄၁) အရှင်အာနန္ဒာ (တတိယဘွဲ့)

၃၅။ လုံ့လကြီးခြင်း။ ။"ဓိတိမန္တဇတေဒဂ်"
။ (၄၁) အရှင်အာနန္ဒာ(စတုတ္ထဘွဲ့)

၃၆။ လုပ်ကျွေးပြုစုခြင်း။ ။"ဥပဋ္ဌာကဇတေဒဂ်"
။ (၄၁) အရှင်အာနန္ဒာ(ပဉ္စမဘွဲ့)
အရှင်အာနန္ဒာတပါးတည်း ဘွဲ့ထူး ၅ ဘွဲ့ရသည်။

၃၇။ အခြံအရံများခြင်း။ ။"မဟာပရိသဇတေဒဂ်"
။ (၄၃) ဥရုဝေလကဿပ။

၃၈။ ဆွေတော်မျိုးတော်တို့ကို ကြည်ညိုစေခြင်း။ ။
"ကုလပ္ပသာဒကဇတေဒဂ်"
ဘွဲ့ရတပါး (၄၄) အရှင်ကာဠုဒါယီ။

တတိယအကြိမ်

WWW.DHAMMARANSI.COM


၃၉။ ကျန်းမာရေးနှင့် ပြည့်စုံခြင်း။ ။ "အပ္ပာဗာဓတေဒဂ်"
ဘွဲ့ရတပါး (၄၅) အရှင်ဗာကုလ။
(အနာရောဂါကင်းခြင်း)

အရှင်ဗာကုလအသက် ၈၀ ကျမှ ဘုရားပွင့်တော်မူ၍ ရဟန်းပြု၏။ အသက် ၁၆၀ အထိ နေရ၏။ ရှေးကုသိုလ်ကံ အကျိုးဆက်ကြောင့် အနည်းငယ်မျှသော အနာရောဂါဟူ၍ မကပ်ရောက်ခဲ့ပေ။

၄၀။ ပုဗ္ဗေနိဝါသအဘိညာဉ်တေဒဂ်။ ။
ဘွဲ့ရ ၂ ပါး (၄၆) အရှင်သောဘိတ။
(၄၇) အရှင်မ ဘဒ္ဒကာပိလာနီ။

အရှင်သောဘိတသည် မြတ်စွာဘုရားရှင်များသာ ပိုင်နိုင်စွာပြနိုင်သည့် ပုဗ္ဗေနိဝါသဉာဏ်ကိုအသညသတ်ဘဝကိုအောက်မေ့မှုပြုနိုင်ခြင်းသည် ခဲယဉ်းသောအမှုကိုပြုခြင်း ဖြစ်သဖြင့် တေဒဂ်ရာထူး၌ ထားတော်မူခြင်းခံရပေသည်။

အရှင်မ ဘဒ္ဒကာပိလာနီသည် ကုဋေ ၈၀ မျှသော ပစ္စည်းဥစ္စာတို့ကို စွန့်ပစ်ခဲ့ပြီး ပိပ္ပလိ သခင်း (အရှင်မဟာကဿပအလောင်းတော်) နှင့်အတူ ရဟန်းပြုရန် တောသို့ ထွက်ခဲ့သော်လည်း အမျိုးသမီးများ ရဟန်းပြုခွင့်မရသေးသောခေတ် ဖြစ်၍ ပရိဗိုဇ်မအဖြစ် ငါးနှစ်နေပြီးမှ ဘိက္ခုနီ သာသနာပြုခွင့် ရပြီးနောက်မှ ရဟန်းပြု၍ ကျင့်ကြံအားထုတ်ရာ အရဟတ္တဖိုလ်သို့ဆိုက်၍ ရဟန္တာဖြစ်လေသည်။ ရှေးဆုတောင်းအတိုင်း ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်၌ အထူးသဖြင့် လေ့လာ နိုင်နင်းလေသည်။

တတိယအကြိမ်

WWW.DHAMMARANSI.COM


၄၁။ ဝိနည်းဆောင်ခြင်း။ ။ "ဝိနယဓရ တေဒဂ်"
ဘွဲ့ရ ၂ ပါး။ (၄၈) အရှင်ဥပါလိ။

သာကီဝင်မင်းသား ၆ ယောက်ရဟန်းပြုရာတွင် ဆတ္တာသည် ဥပါလိပါ ရဟန်းပြုခဲ့သည်။ တောကျောင်း၌နေလို၍ လျှောက်ထားရာ မြတ်စွာဘုရားသည် ခွင့်ပြုတော်မမူပဲ အနီးထံပါး၌ပင် နေစေတော်မူ၏။ အားထုတ်၍ ရဟန္တာဖြစ်ပြီးနောက် မြတ်စွာဘုရားရှင်သည် ဝိနည်း ပိဋကအလုံးစုံကိုသင်ကြားပေးတော်မူ၏။

(၄၉) အရှင်မ ပဋာစာရီ။

ဗုဒ္ဓဘာသာဝင်တိုင်း သိပြီးဖြစ်ကြသော ပဋာစာရီပင်ဖြစ်၏။ ရဟန္တာထေရီ ဖြစ်ပြီးနောက် အလုံးစုံသော ဝိနည်းပိဋကကို အကျယ်အားဖြင့် မြတ်စွာဘုရား ထံတော်၌ သင် ကြား တတ်မြောက်၍ မှန်ကန်တိကျစွာ အ ဆုံး အ ဖြတ် ပေး နိုင် စွမ်း ရှိလေသည်။

၄၂။ဘိက္ခုနီတို့အားဆုံးမခြင်း။ ။ "ဘိက္ခုနောဝါဒကတေဒဂ်"
ဘွဲ့ရတပါး။ (၅၀) အရှင်နန္ဒက။

သာဝတ္ထိပြည်မှ အမျိုးကောင်းသားတဦး ရဟန်းပြု တရားအားထုတ်၊ ရဟန္တာအဖြစ်ရောက်လေသည်။ ရှင်နန္ဒကမထေရ်ဟု ထင်ရှားလေသည်။ မိထွေးတော် ပဇာပတိဂေါတမီ အမှူးပြု၍ သာကီဝင် မင်းသမီးငါးရာတို့ ဘိက္ခုနီမ ပြုခွင့်ရကြပြီးသော်၊ ယောကျ်ား ရဟန်းများက ဆုံးမကြရမည်ဟု မိန့်တော်မူသည့် အတိုင်း ရှင်နန္ဒက အလှည့်ကျ၍ တရားဟောကြားရာမှ ဘိက္ခုနီမ ငါးရာစလုံး အရဟတ္တဖိုလ်သို့ ရောက်ကြသည်ကို အကြောင်းပြု၍ တေဒဂ်ပေး ချီးမွမ်းတော်မူသည်။

ဂုဏ္ဍိယအကြိမ်

၄၃။ ဣန္ဒြေ စောင့်စည်းခြင်း။ ။ "ဣန္ဒြိယသံဝရတ္တဒ္ဓါရတာ တေဒဂ်"

ဘွဲ့ရတပါး။ (၅၁) အရှင်နန္ဒ (ညီတော်မင်းနန်)

"နတ်သမီးလိုချင်၍ တရားအားထုတ်သတဲ့"ဟု ပြောကြသည်ကို ရှက်၍ ဣန္ဒြေတို့ကို ကောင်းစွာစောင့်စည်း အားထုတ်တော်မူရာမှ ရဟန္တာဖြစ်တော်မူသည်။

၄၄။ ရဟန်းတို့ကိုဆုံးမရာ၌အကောင်းဆုံး။။ "ဘိက္ခုဩဝါဒက တေဒဂ်"

ဘွဲ့ရတပါး။ (၅၂) အရှင်မဟာကပ္ပိန။

၄၅။ တေဇောဓာတ်ကသိုဏ်းဝင်စားခြင်း။ ။ "တေဇောဓာတုကုသလ တေဒဂ်"

ဘွဲ့ရတပါး။ (၅၃) အရှင်သာဂတ။

တေဇောကသိုဏ်း ပွားများပြီး နဂါးမင်းကို ဆုံးမကာ သရဏဂုံ တည်စေ၏။

၄၆။ ဒေသကဘုရားရှင်အား ဒေသနာဉာဏ်အဆင့်ဆင့် ပွင့်စေခြင်း။ ။ "ပဋိဘာဏေယျကတေဒဂ်"

ဘွဲ့ရတပါး။ (၅၄) အရှင်ရာဓ မထေရ်။

အရှင်ရာဓ မထေရ်ကို အကြောင်းပြု၍ မြတ်စွာဘုရားသခင်သည် အသစ်အသစ်သော တရားများကိုဟောကြားရလေသဖြင့် ဘုရားရှင်အားဒေသနာဉာဏ်အဆင့်ဆင့်ပွင့်စေသောအကြောင်းကြောင့် တေဒဂ် ထားတော်မူသည်။

ကတ္တိယအကြိမ်

WWW.DHAMMARANSI.COM


၄၇။ ညှံ့ဖျင်းခေါင်းပါးသော သက်န်းကို ဆောင်ခြင်း။ ။ "လူခစီဝရဓရတေဒဂ်"
ဘွဲ့ရ ၂ ပါး (၅၅) အရှင်မေဃရာဇ။
(၅၆) အရှင်မ ကိသာဂေါတမီ။

၄၈။ ဥာဏ်အမြင်ကြီးခြင်း။ ။ 'မဟာဘိညာပတ္တ တေဒဂ်"
ဘွဲ့ရတပါး (၅၇) အရှင်မဘဒ္ဒကစ္စာနာ (ရာဟုလာမယ်တော်)

၄၉။ ရှေးဦးစွာသရဏဂုံတည်ခြင်း။ ။"သရဏဂမနတေဒဂ်"
ဘွဲ့ရပုဂ္ဂိုလ် ၃ ဦး။ (၅၈) တပုဿဥပါသကာ။
(၅၉) ဘလ္လိက ဥပါသကာ။
(၆၀) သုဇာတာသဌေးမ။

၅၀။ ပေးကမ်းစွန့်ကြဲလှူဒါန်းခြင်း။ ။"ဒါယက တေဒဂ်"
ဘွဲ့ရပုဂ္ဂိုလ် ၂ ဦး။ (၆၁) အနာထပိဏ်ဥပါသကာ။
(၆၂) ဝိသာခါ ဥပါသိကာ။

၅၁။ ပရိသတ်ကိုချီးမြှောက်ခြင်း။ ။"ပရိသသင်္ဂဏှ"
ဘွဲ့ရတဦး (၆၃) ဟတ္ထကာဠဝက သိတင်းသည်။ (ဥပုသ်သည်။)

အာဠဝကဘီလူးကို ကယ်ချွတ်ရာတွင် စားတော့မည့်ဆဲဆဲ မင်းသားကလေးကို ဘုရားအား ဆက်ကပ်လေသည်။ မြတ်စွာဘုရားက မင်းချင်းတို့လက်သို့ ပေးအပ်၍ အရွယ်ရောက်လျှင် ရတနာသုံးပါးဆည်းကပ်ယင်း အနာဂါမိဖိုလ်၌တည်လေသည်။

WWW.DHAMMARANSI.COM



၅၂။ အမြဲတမ်းကောင်းသည့်ကိုသာ လှူခြင်း။ ။"ပဏီတ ဒါယကာ ဧတဒဂ်"

ဘွဲ့ရ ၂ ဦး။ (၆၄) မဟာနာမ သာကီဝင်မင်း။
(၆၅) သုပ္ပဝါသာ မင်းသမီး (အရှင်သီဝလိ မယ်တော်)

၅၃။ နှစ်သက်ဖွယ်ရာ လှူခြင်း။ ။"မနာပဒါယကာဧတဒဂ်"
ဘွဲ့ရတဦး။ (၆၆) ဥဂ္ဂသူကြွယ်(ဝေသာလီမြို့)

၅၄။ သံဃာအား စိတ်တူမျှစွာထား၍လှူခြင်း။ ။"သံဃုပဋ္ဌာကဧတဒဂ်"
ဘွဲ့ရတဦး။ (၆၇) ဥဂ္ဂတသဌေး (ဟတ္ထိဂါမရွာ)

အလှူဒါနပြုရာ၌ သံဃာတော်တို့အား သီလဝန္တရဟန်း သံဃာ အရိယာများ၏ ဂုဏ်ကျေးဇူးကိုသာ အာရုံပြုကြည်ညိုသည်။ သီလမရှိသော ဒုဿီလပုဂ္ဂိုလ်တို့၏ အဖြစ်ကို အာရုံမပြုချေ။ လှူဖွယ်ဝတ္ထုများကို သီလဝန္တ၊ဒုဿီလ နှစ်မျိုးစလုံးအား တူမျှသော သဒ္ဓါစိတ်ဖြင့် လှူဒါန်းလေသည်။

၅၅။ သာသနာ၌ မတုန်မလှုပ် ကြည်ညိုသူ။ ။"အဝေစ္စပသန္နဧတဒဂ်"

ဘွဲ့ရ ၂ ဦး။ (၆၈) သုရမ္ဗဋ္ဌ သဌေး။

မာရ်နတ်သည် မြတ်စွာဘုရားအယောင်ဆောင်၍ လာရောက် ဖျက်ဆီးသော်လည်းမာရ်နတ်ယုတ်အားနှင့်ထုတ်ခဲ့သော ပုဂ္ဂိုလ်။
(၆၉) ကာတိယာနီဥပါသကာ။
ဓာတ်ယအကြိမ်

WWW.DHAMMARANSI.COM


၅၆။ ပုဂ္ဂိုလ်စွဲ ကြည်ညိုသူ။ "ပုဂ္ဂလသဒ္ဓ တေဒဂ်"
ဘွဲ့ရတဦး။ (၇၀) ဆရာဇိဝက။

၅၇။ ဘုရားနှင့်အကျွမ်းဝင်သူ။ ။"ဝိဿာသက တေဒဂ်"
ဘွဲ့ရ ၂ ဦး။ (၇၁) နကုလပိတု ဥပါသကာ။
(၇၂) နကုလမာတု ဥပါသိကာ။

ဘဝပေါင်းများစွာက ချစ်ခင်ရင်းနှီးခဲ့သော မေတ္တာစိတ်သည် ယခုဘဝတိုင်အောင် ကိန်းဝပ်သောကြောင့် မြတ်စွာဘုရားအား "သား" ဟူသောအမှတ်ဖြင့် ရင်းနှီးကျွမ်းဝင်ပြောဆိုခြင်းဖြစ်သည်။

၅၈။ မေတ္တာဖြင့် နေလေ့ရှိသူ။ ။"မေတ္တာဝိဟာရီတေဒဂ်"
ဘွဲ့ရတဦး။ (၇၃) သာမာဝတီမိဖုရား။

၅၉။ သူနာရဟန်းကို ပြုစုခြင်း။ ။"ဂိလာနုပဋ္ဌာကီတေဒဂ်"
ဘွဲ့ရတဦး။ (၇၄) သုပ္ပိယာ သဌေးကတော်။

သူနာရဟန်းအတွက် အသားဝယ်မရ၍ မိမိပေါင်သားကို လှီးပြီး ဆန်ပြုတ်လှူသူ။

၆၀။ တဆင့်ကြားဖြင့် ကြည်ညိုသူ။ ။"အနုဿဝပသန္န တေဒဂ်"
ဘွဲ့ရတဦး။ (၇၅) ကာလီ ဥပါသိကာ။

ကာလီသဌေးမ ကိုယ်ဝန်အရင့်အမာနှင့် မိဘရပ်ထံ ရာဇဂြိုဟ်သို့ ပြန်၍ နေခိုက် ဓမ္မစကြာဟောတော်မူသည့် ဝါဆိုလပြည့်

WWW.DHAMMARANSI.COM



သန်းခေါင်ယံတွင်၊ သာတာဂီရနှင့် ဟေမဝတနတ်မင်းနှစ်ပါးတို့ ဘုရားရှင်၏ဂုဏ်အင်္ဂါလက္ခဏာတော်များကို မိမိအိမ်အထက်ကောင်းကင်မှ ပြောကြားသော အသံကိုကြား၍ (ကိုယ်တိုင်မဖူးရပဲ တဆင့်ကြားဖြင့်) ကြည်ညိုရာမှ သောတာပတ္တိဖိုလ်သို့ တည်လေသည်။ ဥပါသိကာတို့တွင် ပထမဆုံး သောတာပတ္တိဖိုလ်သို့ရောက်သူဖြစ်သည်။ ထိုညဉ့်မှာပင် "သောဏကုဋိကဏ္ဏမထေရ်" လောင်းလျာကို ဖွားမြင်လေသည်။

ဤကား တေဒဂ် ဘွဲ့ထူးပေါင်း (၆၀) နှင့် တေဒဂ်ရ ပုဂ္ဂိုလ် (၄၅)ဦးတို့တည်း။ ။

ဒုတိယအကြိမ်

WWW.DHAMMARANSI.COM

# မှတ်သားဖွယ်ရာ-ကျမ်းတော်လာ

## အနာဂါမ်ပုဂ္ဂိုလ် ဟူသည်ကား

(၁) မဆုတ်မနစ်သော သဒ္ဓါရှိခြင်း။
(၂) မကောင်းမှုတို့၌ လွန်စွာရှက်ခြင်း။
(၃) ဒုစရိုက်တို့၌ လွန်စွာ ကြောက်ခြင်း။
(၄) လွန်ကဲသော ဝီရိယရှိခြင်း။
(၅) သတိတရားလွန်စွာကောင်းခြင်း။
(၆) ပညာအဆင်အခြင်လွန်စွာရှိခြင်း။

ဤအင်္ဂါ ၆ ပါးတည်း။

## အနာဂါမ်ပုဂ္ဂိုလ် အပြား ၅ ပါး

အနာဂါမ်ဘဝမှအထက်မဂ်ဖိုလ်ကျအောင်ကျင့်၍ ပရိနိဗ္ဗာန်ပြုကြကုန်သော အနာဂါမ် အပြား ၅ ပါး။

(၁) အသက်အပိုင်းအခြား အလယ်၌သာလျှင် ပရိနိဗ္ဗာန်ပြုသော အနာဂါမ်။
(၂) အသက်အပိုင်းအခြား အလယ်ကို လွန်၍ ပရိနိဗ္ဗာန်ပြုသော အနာဂါမ်။
(၃) ချမ်းသာစွာ ပရိနိဗ္ဗာန်ပြုသော အနာဂါမ်။
(၄) ပင်ပန်းဆင်းရဲစွာ ပရိနိဗ္ဗာန်ပြုသော အနာဂါမ်။
(၅) အထက်အထက် ဘုံစဉ်၌ တပ်မက်သော အလျဉ်ဖြင့် အကနိဋ္ဌသို့ ရောက်သော အနာဂါမ်။

ဇာတိယအကြိမ်

WWW.DHAMMARANSI.COM



# အဘိညာဉ် ၆ ပါး

(၁) ဒိဗ္ဗစက္ခုအဘိညာဉ်။ ။နတ်မျက်စိကဲ့သို့ မြင်နိုင်သော။
(၂) ဒိဗ္ဗသောတအဘိညာဉ်။ ။နတ်နားကဲ့သို့ကြားနိုင်သော။
(၃) ပရစိတ္တဝိဇာနန။ ။သူတပါးစိတ်ကိုသိနိုင်သော။
(၄) ဣဒ္ဓိဝိဓ။ ။အထူးထူးသော တန်ခိုးကိုပြနိုင်သော။
(၅) ပုဗ္ဗေနိဝါသ။ ။ရှေးရှေးဘဝများစွာသိနိုင်သော။
(၆) အာသဝက္ခယ။ ။အာသဝေါတရား ကုန်ခန်းစေတတ်သော အရဟတ္တမဂ်ဉာဏ်။

ဤ ၆ ပါးတွင် ရှေ့ ၅ ပါးသည် လောကီ အဘိညာဉ်၊ သာသနာပ အခါ၌ပင် သမထ တရားကို အား ထုတ် ပါက ရှင်း ၅ ပါးကို ရနိုင်သည်။

★

တတိယအကြိမ်

WWW.DHAMMARANSI.COM



# ဣဒ္ဓိပါဒ်တန်ခိုး ၁၀ ပါး

(၁) မိမိ၏မူလရုပ်သွင်တူ ဖန်ဆင်းနိုင်ခြင်း။

(၂) ဂဠုန်နဂါးရုပ် စသည် အလိုရှိရာ ဖန်ဆင်းနိုင်ခြင်း။

(၃) မနောမယိဒ္ဓိ၊ မိမိကိုယ်အဆင်းသဏ္ဌာန်ကို မိမိစိတ်အလို ရှိတိုင်း ပြီးစေခြင်း။

(၄) အနာဂါမ်ရ ရဟန္တာတို့၏ အရဟတ္တမဂ်ဉာဏ်ကို မရမီ ရှေ့အဖို့ ရပြီး နောက်အဖို့တို့၌ သုတပါး၏ ပယောဂ ဖြင့် မသေနိုင်ခြင်း။

(၅) အနာဂါမ်နှင့်ရဟန္တာများ နိရောဓသမာပတ်ဝင်စား ခိုက် သူတပါး၏ ပယောဂဖြင့် မသေနိုင်ခြင်းမျိုး။

(၆) အနိဋ္ဌာရုံကို ဣဋ္ဌာရုံပြု၍ ရှုနိုင်ခြင်း (ဆွမ်းအသိုးကို အရသာရှိသည်ဟု ရှုနိုင်ခြင်းမျိုး)

(၇) ကောင်းကင်၌ ပျံနိုင်ခြင်းမျိုး။

(၈) စကြာမင်း စသည်တို့၏ မိုးကောင်းကင်၌ စစ်အင်္ဂါ လေးပါးဖြင့် သွားနိုင်ခြင်းမျိုး။

(၉) ဝိဇ္ဇာဓိုရ် စသည်တို့၏ မြေလျှိုးမိုးပျံခြင်းမျိုး။

(၁၀) အတတ်ပညာ အဋ္ဌာရသ ဝိဇ္ဇာ အတတ်မျိုး ဟူသမျှ တဘက်ကမ်းခပ် တတ်မြောက်ခြင်းမျိုး။

WWW.DHAMMARANSI.COM



## မှီငြမ်းပြုကျမ်းများ

၁။ ပြာသာဒ်ကျောင်းဆရာတော် အရှင်သာရဒဿီ၏ ဓမ္မပဒ ပါဠိတော်အဋ္ဌကထာ နိဿယ၊ ၄ တွဲ (လယ်တီမဏ္ဍိုင်)
၂။ အရှင်စန္ဒိမာ၏ ဓမ္မပဒ ဝတ္ထုတော်ကြီး ၅ တွဲ (ရတနာ့ဝါဒီ)။
၃။ မြို့သစ်ကျောင်းတိုက် ဆရာတော် အရှင်တိလောကသာရ၏ ခေတ်မီ မြန်မာ ဓမ္မပဒ ဝတ္ထုတော်ကြီး။
၄။ ဦးမြင့်ဆွေ (လန်ဒန်)၏ ဓမ္မပဒ ဝတ္ထု။
၅။ ဓမ္မပဒ ဂါထာတော် နိဿယ (ဆဋ္ဌမူ) ဗုဒ္ဓသာသနာ့ ပုံနှိပ်တိုက်။

## ရှေးကျမ်းတော်လာမှတ်ဖွယ်ရာများ

၁။ မဟာဗုဒ္ဓဝင် (ဗုဒ္ဓသာသနမူ)
၂။ သုတေသန သရုပ်ပြ အဘိဓာန် (အရှင်ဩဘာသာဘိဝံသ) တို့မှ ကူးယူဖော်ပြပါသည်။

☆

တတိယအကြိမ်

WWW.DHAMMARANSI.COM

WWW.DHAMMARANSI.COM

# လက်ရွေးစင်(ဓမ္မပဒ)ဝတ္ထုတော်ကြီး

**သက်သာစာစဉ်အမှတ်(၁)ဒါနဝတ္ထုများတွင်**

၁။ လယ်စာရင်းငှားဘဝမှ ဒါနကြောင့် နေ့ချင်း သဌေး ကြီးဖြစ်သွားသော ပုဏ္ဏဝတ္ထု၊ ၂။ သမီးဥတ္တရာကိုပြည့်တန်ဆာ မ သိရိမာက ဆီပူဖြင့်လောင်းသော ဝတ္ထု၊ ၃။ ရဟန်းတော် တပါးနှင့် သိရိမာဝတ္ထု၊ ၄။ တွန့်တိုသည့် အာနန္ဒာသဌေးကြီး ဝတ္ထု၊ ၅။ မြတ်သောအလှူအင်္ကုရနတ်သားနှင့်ဣန္ဒကနတ်သား ဝတ္ထု၊ ၆။ ဒါနကြောင့် နတ်ပြည် ရောက်သူများ ဝတ္ထု၊ ၇။နန္ဒိယသူကြွယ်ဝတ္ထု၊ ၈။ဣလ္လိသဇာတ်ဝတ္ထု၊ ၉။ဓမ္မိကဥပါ သကာ နတ်ပြည်က လာခေါ်သော ဝတ္ထု ပေါင်း... ၉ ပုဒ်။

**သက်သာစာစဉ်အမှတ်(၂)အံ့မခန်းအံ့လှူတော်ကြီးများ**

၁။ ဇောတိက သဌေးကြီး၊ ဇဋိလ သဌေးကြီး၊ မေဏ္ဍက သဌေးနှင့် ဆုထူးပန်ဆင်သူ ငါးဦး။ ကာကဝလ္လိယဝတ္ထု၊ အံ့ဩ ဖွယ်ရာ သုမနပန်းသည် အလှူဝတ္ထု ၉ ပုဒ်၊ ရှေးဘဝ အတိတ် ဝတ္ထုများနှင့် ရဟန္တာဖြစ်ကြသည်အထိ ပါရှိပါသည်။

**သက်သာစာစဉ်အမှတ်(၃)ကျောင်းအမကြီး ဝိသာခါ**

ကျောင်းအမကြီး ဝိသာခါ၊ အမျိုးသမီးများ မှတ်သားစရာ ဝတ္ထု၊ အရှင်ကုမာရကဿပ မယ်တော်ဝတ္ထု၊ နိဂြောဓသမင်မင်း ဝတ္ထု၊ ကုမာရကဿပ ရဟန္တာဖြစ် ဝတ္ထု၊ အရှင် ဒဗ္ဗမထေရ် ဝတ္ထု၊ အရှင်ဗာဟိယဝတ္ထု၊ ပုက္ကုသာတိမင်းကြီး၏ လုံ့လဝီရိယ

WWW.DHAMMARANSI.COM

ဝတ္ထု၊ ဘဝဝဋ်ကြွေး ပြေးမလွတ်သူများ ဝတ္ထု၊ သိကြားမင်း စည်းစိမ်နှင့် မလဲသော သုပ္ပဗုဒ္ဓလူနူ စသည်ဖြင့် ဝတ္ထု ၉ ပုဒ် ပါရှိပါသည်။

**သက်သာစာစဉ်အမှတ်(၄)သာမဏေကျော်များဝတ္ထုတွင်**

ခုနစ်နှစ်သားနှင့် ရဟန္တာ ဖြစ်ကြသော သာမဏေကျော် များ၏ အံ့ဩဖွယ်ရာတန်ခိုးတော်များ၊ ၁။ တိဿ သာမဏေ၊ ၂။ ပဏ္ဍိတသာမဏေ၊ ၃။သံကိစ္စသာမဏေ၊ ၄။သုခသာမဏေ၊ ၅။ သုမန သာမဏေ၊ ၆။ သာနု သာမဏေ၊ ၇။ ဧဝဒဂ်ရ ရှင်ရေဝတ၊ ၈။ ရှင်သီဝလိ ဝတ္ထုနှင့် သာမဏေကျော် ၄ ပါး ဝတ္ထု ၉ ပုဒ်။

**သက်သာစာစဉ်အမှတ်(၅)ဝတ္ထုများတွင်**

စိတ်တခုနိုင်၍ တရားပိုင် နိဗ္ဗာန်ပေါက်ကြသော ပုဂ္ဂိုလ်များ အကြောင်း၊စက္ခုပါလမထေရ်ဝတ္ထု၊မဋ္ဌကုဏ္ဍလိနတ်သားဝတ္ထု၊ မာတိကာမာတာဝတ္ထု၊ ကုဒ္ဒါလ ပဏ္ဍိတဇာတ်၊ ရှင်ကစ္စည်းကို ပြစ်မှားသောသောရေယျသဌေးသားဝတ္ထု၊ကေသာကဋ္ဌပုဏ္ဏား ဝတ္ထု စသည် ဝတ္ထု ၉ ပုဒ်။

**သက်သာစာစဉ်အမှတ်(၆)ဒေါသမာန ဝတ္ထုများတွင်**

ဒေါသနှင့် မာနကြောင့် ဒုက္ခရောက်ကြရသော ဝတ္ထုများ၊ ကောသမ္ဗီ ရဟန်းများဝတ္ထု၊ပလလဲဆင်မင်း၊ ဒီဃာဝု သတို့သား တိဿရဟန်း၊ ဒေါသချုပ်တည်း နတ်သမီး၊ဆွေတော်မျိုးတော် တို့ ရေလုသောဝတ္ထု၊ ဝိဋ္ဋူဘဝတ္ထုရှည်၊ ဗန္ဓုလ စစ်သူကြီးနှင့် မလ္လိကာ မိဖုရားဝတ္ထု စသည်ဖြင့် စိတ်စင်စားဖွယ်ရာ ဝတ္ထု ၉ ပုဒ် ပါရှိပါသည်။

တတိယအကြိမ်

WWW.DHAMMARANSI.COM

**သက်သာစာစဉ်အမှတ်(၇)သာမာဝတီ၊ မာဂဏ္ဍီဝတ္ထု**

ဥတေနမင်းဇာတ်၊ ဃောသကသဌေး၏အံ့ဖွယ်၊ သာမာဝတီ ခုဇ္ဇုတ္တရာ၊ စဏ္ဍပဇ္ဇောတမင်း၊ မာဂဏ္ဍီ၊ရှေးဘဝဝဋ်ကြွေးများ အံ့သြဖွယ်ရာ ဝတ္ထုတော်များ။

**သက်သာစာစဉ်အမှတ်(၈)ကိုကိုမင်းကြီး သမီးတော်ခုနစ်ဖော်**

ဂေါတမ ဘုရားရှင်လက်ထက် အလွန်ကျော်ကြား တန်ခိုးကြဒ္ဓိပါဒ်နှင့်- ပြည့်စုံကြသည့် ရဟန္တာအရှင်မများ ဖြစ်လာကြသည့် ခေမာထေရီ၊ ဥပ္ပလဝဏ်ထေရီ၊ ပဋာစာရီ ထေရီတို့၏ ဘဝအဆက်ဆက် အံ့မခန်း အဖြစ်ဆန်းများ။

**သက်သာစာစဉ်အမှတ်(၉)ကိုကိုမင်းကြီးသမီးတော်များအဆက်**

ဘဒ္ဒါကုဏ္ဍလကေသာထေရီ၊ ကိသာဂေါတမီထေရီ၊မေဓိန္နာ ထေရီတို့၏ ဘုရားရှင်လက်ထက် ထူးချွန် ပြောင်မြောက်လှစွာ တေဒဂ်ဘွဲ့ရနဲ့ပုံများ။

ကြိုက်ရာရွေးချယ် ဖတ်ရှုတော်မူကြပါ။

တတိယအကြိမ်

WWW.DHAMMARANSI.COM

ဆန်းညွန့်ဦးစာအုပ်တိုက်မှ

## သားစဉ်မြေးဆက် ဖတ်နိုင်သည့်စာအုပ်များ

- ''ခေတ်မီဓမ္မပဒဝတ္ထုကြီး'' [စ-ဆုံး] ပထမတွဲမှ ပဥ္စမတွဲထိ တတွဲလျှင် ၁၂ ကျပ်
- လက်ရွေးစင်'ဓမ္မပဒ'ဝတ္ထုများ[အမှတ် ၁မှ၉ ထိ]၁တွဲ ၃ ကျပ်
- သင်္ဂဇာဆရာတော် ဥပမာပုံပြင်ဝတ္ထုများ ၆ ကျပ်
- ဗန်းမော်ဆရာတော် ဟာသရသကများနှင့်ပုံပြင်များ ၆ ကျပ်
- ဦးပေါ်ဦးလျှောက်ထုံး ပထမတွဲ ၆ ကျပ် ဒုတိယတွဲ ၆ ကျပ်
- စကားတောင်စားနှင့် လေက်ဝေတိုညိုပုံဝတ္ထုများ ၆ ကျပ်
- ခုံတော်မောင်ကျဘမ်းစကားစစ်ထိုးခန်း ၆ ကျပ်
- ပုံပြင်တပုဒ် ၁၀၀ဝိ စီ ဆုရသော ၁၀၀ဝိ တန်ပုံပြင်များ ၆ ကျပ်
- ဦးလှခင်၏ ရွက်၊ခေါက်၊မြစ်၊သီး[ဆေးနည်း ၁၀၀၀]၁၅ ကျပ်
- ,, မီးဖိုချောင်မှ ဆေးစွမ်းကောင်းများ၊ ပတွဲ-ဒုတွဲ ၆ ကျပ်
- ဒေါ်စိန်စိန်၏ မုန့်လုပ်နည်းမျိုးစုံ ၆ ကျပ်
- ဦးကြီးပု၏ ချက်နည်းပြုတ်နည်း ၅၀၀ ၂၅ ကျပ်
- ဦးသိန်းထွန်းမြင့်အိမ်တွင်းဆရာဝန် [ပထမတွဲ] ၁၀ ကျပ်
- ,, ဘီ၊ပီ၊အိုင်နှင့် နိုင်ငံခြားဆေးသုံးစွဲနည်း ၂၀ ကျပ်
- ကိုင်ရို၏အဆင့်မြင့်လက္ခဏာကျမ်း[၁]၁၅ကျပ်[၂] ၂၀ ကျပ်
- ကျော်မင်းခေါင်၏ [ဒသာနှာဋ္ဌဒီပနီ] ၂၀ ကျပ်
- ထိပ်တင်ထွဋ်ရှ ကျား၊မ၊ ကိုယ်အလှ[၆လ]လေ့ကျင့်စဉ် ၆ ကျပ်
- ,, [၁၄ ရက်အတွင်း] အရပ်ရှည်နည်း ၄ ကျပ်
- တက္ကသိုလ်မြင့်နိုင်....ကလေးသူငယ်ဥပဒေများ ၆ ကျပ်
- ,, အမျိုးသမီးဥပဒေများ ၁၀ ကျပ်
- ပန်းချီဦးအုန်းလွင်၏''ရှင်ဥပဂုတ္တ [ပုံပြရုပ်စုံကြီး] ၁၈ ကျပ်